# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၂၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



## ဒဂုံတက္ကသိုလ်၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ရာနှုန်းပြည့်လွှမ်းခြုံမှုရှိစေရန် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ ပညာသင်ကြားနေသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကာကွယ်ဆေးရာနှုန်းပြည့် လွှမ်းခြုံမှုရှိစေရန် ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose(Covid Shield) အား ဒဂုံတက္ကသိုလ်ကျောင်း၌ ယနေ့ နံနက်ပိုင်းက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

*စာမျက်နှာ ၄ ကော်လံ ၁* ❍


**ယနေ့** *ဖတ်စရာ*

ရပ်စောက်မြို့က စွမ်းထက်အားဖြည့် သဘာဝမြေသြဇာ — ဆောင်းပါး | စာ - ၆

ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရခြင်းသာတည်း — ဆောင်းပါး | စာ - ၈

ခေတ်မီတိုးတက်စေဖို့ လူတိုင်းစာဖတ်ခြင်း အလေ့အထပျိုးထောင်စို့ — ဆောင်းပါး | စာ - ၂၀

အန်းဒရွိုက် ၁၃ ၏ နောက်ဆုံး စမ်းသပ်ဗားရှင်းများ ထွက်ရှိ၊ မကြာမီ တရားဝင်ထွက်ရှိမည် — နည်းပညာ | စာ - ၂၂


## ကျောက်ဖြူမြို့အနီး အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၂၇**

ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် ၅ နာရီ ၀၀ မိနစ် ၄၄ စက္ကန့်တွင် စစ်တွေမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၆၅ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း (ကျောက်ဖြူမြို့၏ အရှေ့ - အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၆၁ ဒီဂရီ၊ အနက် ၁၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခဲ့ကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**



# တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်

လာမည့် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် စွဲဆိုထားသည့် တရားမမှုများနှင့်စပ်လျဉ်း၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်ရုံးက အသိပေးထုတ်ပြန်ထားသည်။ အဆိုပါစနစ်၏ စမ်းသပ်အစီအစဉ်များကို ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ နှစ်အလိုက်တိုးချဲ့ဆောင်ရွက်ခဲ့ရာတွင် ရလဒ်ကောင်းများ ရရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် တရားရုံးအားလုံး၌ စနစ်တစ်ရပ်အဖြစ် အကောင်အထည်ဖော်သွားရန် အသိပေးထုတ်ပြန်ခြင်းပင်ဖြစ်သည်။

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဟူသည် တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုအား အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ၊ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေးအရာရှိတစ်ဦးက အမှုသည်များကြားတွင် ကြားဝင်ကူညီဆောင်ရွက်၍ အငြင်းပွားမှုကို ဖြေရှင်းပေးခြင်းဖြစ်သည်။ ရုံးခန်းတစ်ခုအတွင်း စေ့စပ်ဖြေရှင်းရေးအရာရှိနှင့် တရားလို၊ တရားပြိုင်တို့ သုံးပွင့်ဆိုင် မျက်နှာချင်းဆိုင်ထိုင်၍ ဖြေရှင်းကြခြင်းဖြစ်သည်။ တရားမမှုများတွင် အမွေမှုကဲ့သို့သော မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေရေးကြေးရေးအငြင်းပွားမှု၊ အရောင်းအဝယ်ကိစ္စအငြင်းပွားမှုများကဲ့သို့သော စေ့စပ်ညှိနှိုင်းဖြေရှင်းနိုင်သည့်အမှုများတွင် အမှုစစ်ဆေးမှုမပြုမီ စေ့စပ်ဖြေရှင်းသည့်အဆင့်တွင် နှစ်ဦးနှစ်ဖက်သဘောတူ ပြေလည်မှုရရှိပါက ကာယကံရှင်များအနေဖြင့် အချိန်ကုန်၊ ငွေကုန် လူပန်းရသည့်အဖြစ်များမှ လွတ်ကင်းနိုင်မည်ဖြစ်သလို တရားရုံးများတွင်လည်း နှစ်ရှည်လများ ကြန့်ကြာနေတတ်သည့် တရားမမှုအရေအတွက်တို့ လျော့ကျသွားမည်ဖြစ်သည်။ မိသားစုဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုမျိုးမဟုတ်သော်လည်း အမှုသည်တို့အနေဖြင့် ဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်လိုပါကြောင်း တရားရုံးတွင် တင်ပြလာပါကလည်း အမှုစစ်တရားသူကြီးက ယင်းအမှုကို သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး စေ့စပ်ဖြေရှင်းနိုင်ကြသည်။

တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ဆောင်ရွက်ရာတွင် နှစ်ဖက်ပြိုင်ဆိုင်ကြသည့် အမှုသည်များကြားမှ ကြားဝင်ကူညီဆောင်ရွက်ပေးရသည့် စေ့စပ်ဖြေရှင်းရေးအရာရှိများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍတို့မှာ လွန်စွာအရေးပါသည်။ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ တရားခွင်ရှေ့မှောက် ရောက်ရှိလာသည့် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ခြင်းတို့ဖြင့် တရားရုံးများ၏ ဂုဏ်သိက္ခာကို မြင့်မားစွာ မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရွှေတိဂုံစေတီတော် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရာဟုထောင့်ရှိ ထီးတော်ရုံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးသိန်းထွဋ်မောင်က သင်တန်း ပြီးမြောက်အောင်မြင်မှု အထိမ်းအမှတ် စကားပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအမ်းယုမောင်က ယဉ်ကျေးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဟန်က သင်တန်းသင်ကြားပြီးစီးမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ဆုထူးပန်အဘိဓမ္မာ ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးဌေးလွင်က သာသနာရေး ဆိုင်ရာများအား လည်းကောင်း ပြောကြားကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက သင်တန်းနည်းပြဆရာကြီးအား ဂါရဝပြုလက်ဆောင်နှင့် ဆုရသင်တန်းသားများကို ဆုချီးမြှင့်ပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ၊ စေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူနှင့် ဆက်ဆံပြောဆိုရာတွင် ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ / စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော် (လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အရာရှိ/စစ်သည် မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၉ ဦး၊ ရိုးရိုးအောင်စစ်သည် ၂၁ ဦးတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်း အမှတ်တရဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၂၇**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီးအထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် (**အောက်ပုံ**)နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် နေကြာမျိုးစေ့ မျိုးသန့် ပွားများရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

**နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် နေကြာမျိုးစေ့မျိုးသန့်ပွားများရေး ဆောင်ရွက်မှု ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည်။**

### တက်ရောက်

ရှင်းလင်းဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သုတေသနပညာရှင်များ၊ မျိုးသန့်မျိုးပွားလုပ်ငန်းနှင့် တောင်သူပညာပေးလုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ - ၂၀၂၃ ခုနှစ် မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် ဆောင်ရွက်မည့် မျိုးသန့်ပွားများရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေကြာသီးနှံ မျိုးစေ့ထုတ်လုပ်ငန်းကို ဌာနပိုင်ခြံများတွင် မျိုးသန့်မျိုးပွားမှုလုပ်ငန်း အဆင့်အလိုက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် နေကြာမျိုးစေ့ ဖူလုံရေးအတွက် ဌာန၊ တောင်သူ၊ ပုဂ္ဂလိကကဏ္ဍအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံတွင် နေကြာမျိုးသန့် မျိုးပွားစိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။

### ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နေကြာသီးနှံကို အဓိကစိုက်ပျိုးမည့်ဒေသများ၊ သီးထပ်သီးညှပ် စိုက်ပျိုးမည့်ဒေသများကို ဧရိယာအလိုက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ရေအသုံးချသူအဖွဲ့များနှင့် စနစ်တကျလယ်ယာမြေဖော်ထုတ်လုပ်ကိုင်နေသူ တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေမြေအခြေအနေ သင့်တော်သည့် ဧရိယာများတွင် မျိုးစေ့ထုတ်ဇုန်များ ဆောင်ရွက်ရန်၊ နေကြာမျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အကျိုးဆောင်တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာ သုံးစွဲနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိက လယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်၊ ဆက်စပ်ဌာနများ၏ ပူးပေါင်းမှုအားကို ရယူဆောင်ရွက်ရန်၊ မျိုးစေ့ထုတ်လုပ်ငန်းနှင့် ဆီစက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်လိုသူများ ဖိတ်ခေါ်အားပေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံတွင် နေကြာမျိုးသန့် မျိုးပွားစိုက်ပျိုးနေမှု၊ ရေဆင်း စပ်မျိုး နေကြာ-၁ မိဘလိုင်းများ မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အလားအလာကောင်းသောထုတ်ဝေပြီး စပ်မျိုးပြောင်း စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွာတောကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

### ဧက ၁၂၀၀ အကျိုးပြု

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ ရွာကုန်း၊ ကျားသေအိုင်၊ နွယ်ရစ်ကျေးရွာများတွင် အချင်း ၁၀ လက်မရှိ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးသည့် စက်ရေတွင်း ၂၅ တွင်းမှ စိုက်ပျိုးမြေဧရိယာ ဧက ၇၅၀ ကို စိုက်ပျိုးရေပေးဝေနေမှု၊ ဆောင်ရွက်ဆဲ စက်ရေတွင်း ငါးတွင်းနှင့် ဆက်လက်ဆောင်ရွက်မည့် စက်ရေတွင်း ၁၀ ခု ပြီးစီးပါက စိုက်ပျိုးမြေ ဧရိယာ ဧက ၁၂၀၀ ကို အကျိုးပြုနိုင်မည့် အခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၇

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကောင်းဆုံးတိုင်းရင်းဆေးသုတေသနစာတမ်းများကို စိစစ်အကဲဖြတ် ဆုချီးမြှင့်သွားမည်

**နေပြည်တော် ဇူလိုင် ၂၇**

(၁၁)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုးစားကြရန်လို**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲမှ ထွက်ရှိလာသည့် သုတေသနစာတမ်းများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်ဖြစ်ကာ မျိုးဆက်သစ်များ ရည်ညွှန်းကိုးကားနိုင်ရန် ပြည်တွင်းဆေးသုတေသနဂျာနယ်များနှင့် နိုင်ငံတကာ အသိအမှတ်ပြု သုတေသနဂျာနယ်များတွင် ထည့်သွင်းဖော်ပြနိုင်သည်အထိ ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်သွားမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းရင်းဆေးသုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယခုစာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်းပေါင်း ၂၂ စောင်၊ ပိုစတာ ခြောက်စောင် တင်သွင်းဖတ်ကြားကြမည်ဖြစ်ပြီး နှီးနွှယ်ဝန်ကြီးဌာနများကလည်း စာတမ်းများလာရောက်ဖတ်ကြားသွားကြမည်ဖြစ်ကာအကောင်းဆုံးတိုင်းရင်းဆေးသုတေသနစာတမ်း၊ သိပ္ပံသုတေသနစာတမ်း၊ ကျန်းမာရေးစနစ်သုတေသနစာတမ်းနှင့် ပိုစတာများမှ အရည်အသွေးအဆင့်မီသည့် သုတေသနစာတမ်းများကို စိစစ်အကဲဖြတ်ပြီး ဆုချီးမြှင့်သွားမည် ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ်-မန္တလေး၌ ကျင်းပသည့် ဇီဝကခန်းမ(မန်းရတနာပုံ)နှင့် Recreation Centre ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။ (ဝဲပုံ)

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သူနာပြုတက္ကသိုလ်-မန္တလေး ခြောက်ထပ်ပင်မဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် သူနာပြုတက္ကသိုလ်-မန္တလေး သူနာပြုသိပ္ပံ(ပုံမှန်) ကျောင်းသူများက ကရုဏာအလင်းသီချင်းကို သီဆိုဖျော်ဖြေသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သူနာပြုတက္ကသိုလ် - မန္တလေးပါမောက္ခချုပ်က ခြောက်ထပ်ပင်မဆောင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ခြောက်ထပ်ပင်မဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို သူနာပြုတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၂၂ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၉) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့် ကွင်းအမှတ် (၃) တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**





ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ မန္တလေးတိုင်းဒေသကြီးအသင်း နှင့် ချင်းပြည်နယ်အသင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ဧရာဝတီတိုင်းဒေသကြီးအသင်း နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း တို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်ရာ ဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အဆိုပါ ဒဂုံတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ Booster Dose(Covid Shield) ကာကွယ်ဆေး ထိုးနှံရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒဂုံတက္ကသိုလ်မှ တာဝန်ခံဌာနမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose(Covid Shield) ထိုးနှံရာတွင် ဒဂုံတက္ကသိုလ်မှ ကျောင်းသား ၅၅ ဦး၊ ကျောင်းသူ ၃၀၅ ဦး စုစုပေါင်း ၃၆၀ ကို ထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

**မိုး/ဇလ**

# ဖရီးရှန်းနို့စားနွား ၂၂ ကောင် မွေးမြူထားပြီး တစ်နေ့လျှင် နွားနို့ပိဿာချိန် ၆၀ ထွက်ရှိ



နေပြည်တော် ဇူလိုင် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမအသင်းသားများ၊ တာဝန်ရှိသူများနှင့်အတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို အားပေးကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့သည် ဝန်ကြီးဌာနရုံးဘေးရှိ လယ်မြေ ၂ ဒသမ ၇ ကေတွင် Rainbow ဝန်ဆောင်မှု သမဝါယမအသင်းမှ ဆောင်ရွက်နေသည့် မိုးစပါးစမ်းသပ်စိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Rainbow ဝန်ဆောင်မှုသမဝါယမအသင်း၏ လယ်မြေ ၂ ဒသမ ၇ ကေတွင် GW 11 မျိုးစပါးများ ကြိုးတန်းစနစ်ဖြင့် ကောက်စိုက်ခြင်း၊ အစေ့ချ (Seeder) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးခြင်းတို့ကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Rainbow ဝန်ဆောင်မှုသမဝါယမအသင်း၏ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေး သမဝါယမအသင်းနှင့် Rainbow ဝန်ဆောင်မှုသမဝါယမအသင်းတို့ ပူးပေါင်း၍ ဖရီးရှန်းနို့စားနွား ၂၂ ကောင် မွေးမြူထားမှု၊ တစ်နေ့လျှင် နွားနို့ပိဿာချိန် ၆၀ ထွက်ရှိပြီး စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းသို့ ရောင်းချနေမှု၊ နွားစာအတွက် မြေသုံးကေတွင် နေပီယာမြက်၊ မွန်ဘားစားမြက်နှင့် အဲဗားဂရင်းမြက် သုံးမျိုး စိုက်ပျိုးထားမှု၊ နေပြည်တော်သမဝါယမအသင်းစုချုပ်မှ ထုတ်လုပ်သော ပြောင်းချဉ်ဖတ် အာဟာရများ ကျွေးမွေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ယင်းနောက် ဝန်ထမ်းစားရိပ်သာဆောင်သစ် ဆောက်လုပ်နေမှု၊ ငါးမွေးကန် နှစ်ကန်အတွင်း မွေးမြူထားသော ရွှေဝါငါးကြင်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားဗီးယားနှင့် ဘဲများ ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အောင်မြင်အောင် စေတနာထားဆောင်ရွက်ရန်နှင့် ရရှိလာသော အကျိုးအမြတ်များဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သက်တံရောင် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အရောင်းဆိုင်အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှော်ကားရေလှောင်ကန်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်သို့ နေ့စဉ်ရေဂါလန် သန်း ၉၀ ပေးဝေနေ

ရန်ကုန် ဇူလိုင် ၂၇

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီး ဝန်ကြီးများသည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ၏ လှော်ကားရေလှောင်ကန်ရှိ ရေလှောင်ကန်ကြီးများနှင့် အခြားကန်များဌာနစုရုံး၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဌာနမှူး ဦးမြင့်ဇော်သန်းက လှော်ကားရေလှောင်ကန်ဆိုင်ရာ အချက်အလက်များ၊ ရေတွန်းစက်ရုံလုပ်ငန်း လည်ပတ်နေမှု၊ ရေလှောင်ကန်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်သို့ နေ့စဉ်ရေဂါလန် သန်း ၉၀ ပေးဝေနေမှု၊ နေ့စဉ်တိုင်းတာ စစ်ဆေးလျက်ရှိသော ရေအရည်အသွေး Parameter များနှင့် ရေလှောင်ကန်၏ သမိုင်းအကြောင်းအရာများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက လိုအပ်ချက်များအား ဖြည့်စွက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ရေလှောင်ကန်သည် ၁၉၀၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ခြင်း ကြောင့် နှစ်ပေါင်းများစွာ ရန်ကုန်မြို့လူထုအတွက် အကျိုးပြုလျက်ရှိ၍ တာကြံ့ခိုင်ရေးနှင့် ရေပေးပို့စနစ်များ အမြဲကောင်းမွန်စေရန် စဉ်ဆက်မပြတ် စစ်ဆေးနေရန်လိုကြောင်း၊ ရေလှောင်ကန်ရှိ စက်ပစ္စည်းများ ပျက်စီးမှုဖြစ်ပါက အမြန်ဆုံးပြုပြင်ရန်နှင့် အစားထိုးအသုံးပြုနိုင်ရေး အရန်စက်ပစ္စည်းများ ထားရှိရန် လိုအပ်ကြောင်း၊ စက်ပစ္စည်းများနှင့် ဝန်ထမ်းများ လုံခြုံမှုရှိစေရေး အမြဲမပြတ်သတိရှိရှိ ဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် နေ့စဉ်တိုင်းတာ စစ်ဆေးလျက်ရှိသော ရေအရည်အသွေးဓာတ်ခွဲခန်း၊ ရေတွန်းစက်ရုံ လုပ်ငန်း လည်ပတ်နေသော လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (မြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း ကျေးရွာ ကိုးရွာတွင် Mobile Financial Payment စနစ်ဖြင့် ချေးငွေထုတ်ယူနိုင်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် (Shwe Bank) တို့ ပူးပေါင်း၍ မြစိမ်းရောင် စီမံကိန်းကျေးရွာ ကိုးရွာတွင် Mobile Financial Payment စနစ်ဖြင့် ချေးငွေထုတ်ယူနိုင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးအမှတ် (၃၆) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် (Shwe Bank) မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သက်ဦးတို့က မြစိမ်းရောင်စီမံကိန်းကျေးရွာ ကိုးရွာတွင် မိုဘိုင်းဖုန်းဖြင့် ငွေကြေးလွှဲပြောင်းခြင်း လုပ်ငန်းဖြင့် ချေးငွေထုတ်ယူနိုင်ရေး ရှေးပြေးဆောင် ရွက်မှုဆိုင်ရာ သဘောတူစာချုပ်အား နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။ (အပေါ်ပုံ)



လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်လီမိတက် (Shwe Bank) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပညာလင်္ကာရဇောတိ ရှမ်းကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်စောက်မြို့က စွမ်းထက်အားဖြည့် သဘာဝမြေဩဇာ

မြင့်စိုး(နတလ)

## ကျွန်တော်လွမ်းမိသော တောသဘာဝမြင်ကွင်းများ

ငယ်စဉ်ကလေးဘဝ နှစ်ပေါင်းများစွာ နွားချေးပုံတွေကြားမှာ ကြီးပြင်းလာသော ကျွန်တော်၊ ရွာက နွားတင်းကုပ်မှန်သမျှ သူငယ်ချင်းများနှင့်အတူ တက်၍ ဆော့ကစားခဲ့ဖူးသော ကျွန်တော်၊ နွားစာခွက်၊ နွားစာကျင်းမှာ ကောက်ရိုးထုံးကို ဖြည်၊ ရေဖျန်း၊ ဖွဲနုပက်၍လည်း ကျွေးခဲ့ဖူးသော ကျွန်တော်၊ ဂေါ်ပြားနှစ်ချပ်နှင့် နွားချေးပုံကို ထိုးကော်၊ တင်းကုတ်ဘေးသို့ ပစ်ချ၊ တံမြက်စည်းကြမ်းနှင့် တရှုံရှုံလှဲခဲ့ဖူးသော ကျွန်တော်၊ မိုးဦးကျကာနီးတိုင်း နွားချေးလှည်းကိုယ်စီနှင့် လယ်ထဲသို့ သွားချကြသည့်မြင်ကွင်းကို ရိုးအီနေအောင် မြင်ခဲ့ဖူးသော ကျွန်တော်. . . ။

နွားချေးနံ့သင်းသင်းနှင့် ဝေးကွာခဲ့တာ အတော်ကြာပေပြီ၊ မွေးရပ်မြေမှာ နွားတွေလည်း မရှိတော့၊ ကြာလျှင် ဤကားနွားဖြစ်သည်ဟု အရုပ်ရေးပြရတော့မည်လား မပြောတတ်တော့ပါ။ နွားတင်းကုပ်များလည်း အတော့်ကို နည်းသွားပေပြီ။ နွားတွေမရှိတော့သလို အားကောင်းမောင်းသန် ဒေါင်းတိမောင်းတိ လူငယ်လူရွယ် တော်တော်များများကလည်း ထိုင်း၊ မလေးတို့မှာ အလုပ်သွားလုပ်နေကြကြောင်း သိရသည်။ နွားမရှိ၊ လယ်ထွန်သားမရှိ၊ ပျိုးနုတ်သားမရှိ၊ ကောက်စိုက်သမ မရှိတော့သော လယ်ယာမြေမှာ စက်တွေ ဝင်ရောက်လာသည်။ ကြဲစနစ်ဖြင့် စိုက်ကြသည်။ နွားချေးအစား ဓာတ်မြေဩဇာတွေ ထည့်၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးတွေ လှိုင်လှိုင်ကြီးသုံးလာကြသည်။ ဆိုတော့ကာ ကျွန်တော်တို့ရွာက အမျိုးများ၏ လယ်ယာကဏ္ဍ အဆင့်မြင့်လာပြီဟု ပြောရပေတော့မည်။ သို့သော် စပါးထွက်နှုန်းက သိသိသာသာ တက်မလာ၊ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးမဟုတ်လို့၊ ပိုးကျလို့၊ ပေါင်းမြက်မနိုင်လို့၊ ပေါင်းသတ်ဆေး မှားသုံးမိလို့ စသည်...စသည်ဖြင့် လို့ပေါင်းများစွာ ကြားခဲ့ရသည်။ အားလုံးတော့ မဟုတ်ပါ။ နည်းစနစ်မှန်စွာ လိုက်နာလုပ်ကိုင်သူများကတော့ စပါးထွက်သင့်ပါသည်။ အများစုကတော့ ပုံမှန်မျှသာ။ အချို့မှာ ပုံမှန်အောက်သို့ ဆင်း၍ ရိတ်ခြွေစက်ဖိုးလောက်ပဲ ပြန်ရကြတာလည်း ရှိသည်။

ငယ်ငယ်တုန်းကလို ပေါင်းမြက်ကင်းစင်သည့် လယ်ကွင်းစိမ်းစိမ်းတွေကို ကျွန်တော်မြင်ချင်ပါသည်။ သဘာဝနွားချေး၊ သစ်ရွက်ဆွေးများ ထည့်ရုံမျှနှင့် တစ်ဧက တင်း ၇၀၊ ၈၀ ထက်မနည်း ထွက်ကြတာကိုလည်း မြင်ခဲ့ဖူးသည်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဆိုတာတွေကို မသုံးတတ်ကြသလို ထိုအချိန်က ပေါ်ပင်ပေါ်သေးရဲ့လား မသိပါ။ ငယ်ငယ်တုန်းက မြင်ကွင်းတွေကို သတိတရပြောနေမိသည်ကလည်း ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝမှာ ကျောင်းပိုင်လယ်တွေကို တမန်းနှိုး ပေါင်းနုတ်လုပ်ခဲ့ရဖူးသည်။ အထက်တန်းကျောင်းသားဘဝ လေးမျက်နှာအထကမှာ ပညာသင်ယူနိုင်ဖို့အတွက် လေးမျက်နှာ ပရဟိတကျောင်း၏ အရိပ်အာဝါသကို နှစ်နှစ် ခိုလှုံခဲ့ရသည်။ ပရဟိတပိုင် လယ် ၁၅ ဧကခန့်ရှိသဖြင့် လယ်ထွန်သည့် အလုပ်ကလွဲ၍ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ ကောက်လှိုင်းစည်း၊ တလင်းနယ်၊ စပါးလှေ့ အားလုံး လုပ်ခဲ့ဖူးသည်။ ထွက်သည့်စပါးများ ဆန်စက်သို့ သယ်ယူ ကြိတ်ခွဲ၊ ဆန်အိတ်များကို ပြန်ထမ်းလာ၊ ဆန်ဂိုဒေါင်အခန်းထဲ ထည့်ပြီးသည်အထိဟု ဆိုကြပါစို့ရဲ့။ စပါးသိမ်းပြီးချိန် ဗိုလ်ကိတ်ပဲ၊ မတ်ပဲတွေ ဆက်လက် စိုက်ပျိုးခဲ့ကြတာကိုလည်း အမှတ်ရမိသည်။

## သဘာဝမြေဩဇာသုံးကြစို့

ယနေ့ သည်ဘက်ခေတ်မှာ မြေပြုပြင်ထွန်ယက်သည်ကအစ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို နည်းစနစ်မှန်စွာ အသုံးပြုခြင်းကြောင့် စပါးထွက်နှုန်း၊ သီးနှံထွက်နှုန်းများ တိုးလာပါလိမ့်မည်။ ထိုနည်းတူစွာ ဓာတုမြေဩဇာ၊ ဓာတုပိုးသတ်ဆေး၊ ဓာတုပေါင်းသတ်ဆေးများကြောင့် လယ်မြေများတွင် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများက တဖြည်းဖြည်း ပျက်စီးဆုတ်ယုတ်သွားနိုင်သည် ဆိုခြင်းကိုလည်း ငြင်း၍မရပေ။ ပျက်စီးဆုံးရှုံးသွားသော မြေဆီလွှာများ ပြန်လည်ကောင်းမွန်လာစေရန် အော်ဂဲနစ်ပစ္စည်းများ ပါဝင်သည့် သဘာဝမြေဩဇာများ အသုံးပြု၍ ပြုပြင်ရမည်ဖြစ်သည်။ အကျိုးပြုအဏုဇီဝ Effective Microorganisms (EM) ကို ၁၉၈၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံမှ ပါမောက္ခဒေါက်တာဟီဂါရိက စမ်းသပ်တွေ့ရှိခဲ့သည်။ သေကျေပျက်စီးသွားသော အကျိုးပြုပိုးမွှားများကို ပြန်လည်မွေးမြူပြီး မြေဆီလွှာအတွင်း ထည့်ပေးရန် EM ကို ထုတ်လုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၉၀ ပြည့်နှစ်ကတည်းက EM နည်းပညာ သုံးစွဲလာခဲ့ကြောင်း သိရသည်။ EM ၏ သဘောသဘာဝမှာ မှိုနှင့် ဗက်တီးရီးယား မွေးမြူခြင်းပင် ဖြစ်ပါသည်။ EM အား မြေဆီလွှာနှင့် အပင်ပေါ် ပက်ဖျန်းခြင်း ပြုလုပ်နိုင်သကဲ့သို့ သဘာဝမြေဩဇာပြုလုပ်ရာတွင်လည်း အချိုးကျရောစပ် အသုံးပြုလျက် ရှိပါသည်။ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ညောင်ရွှေမြို့တွင် ထုတ်လုပ်ရောင်းချနေပြီဖြစ်သော သဘာဝမြေဩဇာ “ဗေဒါ” အကြောင်းကို ကျွန်တော်ရေးသားတင်ပြပြီး ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဆက်လက်အားပေးကြည့်ရှုခဲ့သည်ကတော့ ရပ်စောက်မြို့ရှိ “စွမ်းထက်” အားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်း ဖြစ်ပါသည်။




## ရပ်စောက်မြို့နယ် သမဝါယမအသင်းစု

ရပ်စောက်မြို့နယ် သမဝါယမအသင်းစုကို သမဝါယမအသင်းပေါင်း ၁၃၅ သင်းဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ အသင်းစုအနေဖြင့် “စွမ်းထက်” အားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေးအတွက် အဖွဲ့ဝင် ၁၀ ဦးပါ ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဦးမျိုးမြင့်သည် ယခင်ကတည်းက သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို စိတ်ဝင်တစားအကောင်အထည်ဖော်နေသူဖြစ်ကြောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်လောက်မှာ စတင်စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း၊ သို့သော် ထိုစဉ်ကာလတုန်းက ဓာတ်မြေဩဇာဈေးနှုန်း မြင့်မားမှုမရှိခြင်း၊ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်းတို့ကြောင့် သဘာဝမြေဩဇာသည် ဈေးကွက်မှာ ဝင်တိုး၍မရခဲ့ကြောင်း သိရှိခဲ့ရသည်။ အားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်ရသည့် ရည်ရွယ်ချက်များကိုလည်း အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(က) သမဝါယမအသင်းများ၏ ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်လာစေရန်၊

( ခ ) ဓာတ်မြေဩဇာများ အသုံးပြုခြင်းကြောင့် မြေဆီလွှာခန်းခြောက်ခြင်းကို ကာကွယ်တာဆီးပြီး သဘာဝမြေဩဇာများ၏ ထိရောက်သောအာနိသင်ဖြင့် သွင်းကုန်အစားထိုး သုံးစွဲရန်၊

( ဂ ) စိုက်ပျိုးရေးလုပ်ငန်းတွင် သဘာဝမြေဩဇာများ အသုံးပြုခြင်းဖြင့် ရေရှည်တွင် တည်မြဲသော အကျိုးဖြစ်ထွန်းမှု ရရှိနိုင်ခြင်းအပြင် အဏုဇီဝရုပ်များ၏ စွမ်းရည် (EM) ဖြင့် ပြုလုပ်သော သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း နည်းပညာများ တိုးတက်များပြား ပြန့်ပွားလာစေရန်၊

(ဃ) ရရှိသောအကျိုးအမြတ်ဖြင့် သမဝါယမအသင်းသားများ၏ လူနေမှုဘဝကို အထောက်အကူဖြစ်စေရန်။

## ပါဝင်သောပစ္စည်းများ

“စွမ်းထက်”အားဖြည့်သဘာဝမြေဩဇာတွင် အောက်ဖော်ပြပါပစ္စည်းများ ပါဝင်ပါသည် -

(က) နှစ်ကာလ ကြာမြင့်ပြီဖြစ်သည့် အင်းခေါင်းရေကန်မှ ဆယ်ယူထားသည့် မြေဆွေးများ၊

( ခ ) တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကြက်ချေး၊ နွားချေး၊ လင်းနို့ချေးများ၊

( ဂ ) အပင်စွန့်ပစ်ပစ္စည်းများဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညှင်းစေ့ ကြိတ်ဖတ်၊ မြေပဲခွံနှင့် ဖွဲပြာ၊

(ဃ) ထပ်မံဖြည့်စွက်သည့် ကျောက်မှုန့်၊ အရိုးမှုန့်၊ လင်းနို့ချေးနှင့် မြေသားရောစပ်နေသော ယမ်းမြေ၊

( င ) အကျိုးပြုအဏုဇီဝဖျော်ရည် EM နှင့် တင်လဲရည်များ (အချိုးကျ)။

အားဖြည့်သဘာဝမြေဩဇာများကို ရန်ကုန်နှင့် တောင်ကြီးမြို့များရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲသို့ ပေးပို့၍ ဓာတ်ခွဲနမူနာအဖြေများ ရယူဆောင်ရွက်ခဲ့ပါသည်။ ကြက်ချေး ပါဝင်နေသောကြောင့် ၂၅ ကီလိုတစ်အိတ်လျှင် ကျပ် ၉၅၀၀ ဖြင့် ရောင်းချပေးကြောင်း သိရှိရပါသည်။ နှမ်းတစ်လုံးတည်းနှင့် ဆီမဖြစ်သော်ငြားလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ စွမ်းထက်ကဲ့သို့ ကိုယ်စီကိုယ်စီ တစ်ပိုင်တစ်နိုင်ရောင်းချကြမည် ဆိုလျှင်၊ ထိုမှတစ်ဆင့် ကျေးရွာအသီးသီးမှာ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲသည့် နည်းပညာများ ဆင့်ပွားဖြန့်ဖြူးပေးပြီး ထုတ်လုပ်သုံးစွဲကြမည် ဆိုပါလျှင် မိမိတို့၏ လယ်ယာမြေများတွင် မြေဆီလွှာပြုပြင်ပြီးဖြစ်သကဲ့သို့ ပြည်ပမှ မှာယူရသော စိုက်ပျိုးရေးသွင်းအားစုများလည်း အထိုက်အလျောက် လျော့ကျလာမည်ဖြစ်သည်။ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းစုချုပ်များ၊ အသင်းစုများ၏ သဘာဝမြေဩဇာ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းများကို အားပေးကူညီလျက်ရှိရာ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုက ထုတ်လုပ်လျက်ရှိသော စွမ်းထက် အားဖြည့် သဘာဝမြေဩဇာအတွက် ကုန်ကြမ်းဝယ်ယူရန်နှင့် လုပ်အားခအသုံးပြုရန် လိုအပ်ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပါသည်။

## အောင်မြင်ပါစေ စွမ်းထက်

ရည်ရွယ်ချက်ကောင်းသည်၊ စေတနာကောင်းသည်၊ သမဝါယမစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်သည်ကိုလည်း တွေ့ခဲ့ရသည်။ သမဝါယမလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာဖြောင့်မတ်မှန်ကန်ရန်နှင့် အများအကျိုးသယ်ပိုးလိုသည့် ပရဟိတစိတ်ထားလည်း လိုအပ်ပါသည်။ စွမ်းထက်ဆိုသည့်အတိုင်း အစွမ်းထက်သော အားဖြည့် သဘာဝမြေဩဇာများ ထုတ်လုပ်၍ ဒေသအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်နိုင်ပါစေ။ အောင်မြင်ပါစေ “စွမ်းထက်”...။

---

❒ **ယနေ့ သည်ဘက်ခေတ်မှာ မြေပြုပြင်ထွန်ယက်သည်ကအစ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို နည်းစနစ်မှန်စွာ အသုံးပြုခြင်းကြောင့် စပါးထွက်နှုန်း၊ သီးနှံထွက်နှုန်းများ တိုးလာပါလိမ့်မည်**

❒ **ထိုနည်းတူစွာ ဓာတုမြေဩဇာ၊ ဓာတုပိုးသတ်ဆေး၊ ဓာတုပေါင်းသတ်ဆေးများကြောင့် လယ်မြေများတွင် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများက တဖြည်းဖြည်း ပျက်စီးဆုတ်ယုတ်သွားနိုင်သည် ဆိုခြင်းကိုလည်း ငြင်း၍မရပေ**

# ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၄ ခုဖြင့် ကနဦးတည်ထောင်ရန်လျာထား



နေပြည်တော် ဇူလိုင် ၂၇

**အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၂/၂၀၂၂) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက UNESCO ၏ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နေသည့် အစီအစဉ်ဖြစ်သည့် ကမ္ဘာ့ဘူမိဥယျာဉ် အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ပြီး လက်ရှိနိုင်ငံပေါင်း ၄၆ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၇၇ ခု သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ **မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်သည့် နေရာအများအပြားရှိသည့် အနက် ပုပ္ပားတောင်ဒေသသည် ထူးခြားသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ် ရှေးဟောင်းသံချက်ဖိုများ၊ထူးခြားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ် ၂ ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးများရှိကြောင်း၊** ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် အဆိုမပြုမီ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံး သတ်မှတ်တည်ထောင်မည့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၄ ခုဖြင့် ကနဦး တည်ထောင်ရန် လျာထားပါကြောင်း၊ ကွဲပြားခြားနားပြီး မတူညီသောစီမံခန့်ခွဲမှု အများအပြားပါဝင်သည့်သဘောသဘာဝရှိသောကြောင့် ဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် တည်ထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌက အလားအလာရှိ ဘူမိနယ်မြေ၊ ဘူမိဥယျာဉ်များနှင့် ပက်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ် သတ်မှတ်တည်ထောင်နိုင်ရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ကြသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြို့မြေအဖြစ် တိုးချဲ့သတ်မှတ်ပြီးပါက ပြည်သူများအနေဖြင့် နှစ်တို၊ နှစ်ရှည်မြေငှားဂရန်များ လျှောက်ထားနိုင်

**ဟားခါး ဇူလိုင် ၂၇**

ချင်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ ( ၂ / ၂၀၂၂ ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က ဟားခါးမြို့တွင် လူဦးရေ ၃၀၀၀၀ ခန့်၊ အိမ်ခြေ ၆၀၀၀ ခန့်ရှိပြီး ဟားခါးမြို့တွင်းလူနေထိုင်သော ဧရိယာမှာ ခန့်မှန်းခြေ ၄၀၀၀ ခန့်အထိ လူနေအိမ်ဆောက်လုပ်လျက်ရှိ၍ လက်ရှိမြို့မြေသည် ၆၂၈ ဧကသာရှိသဖြင့် ဒေသခံပြည်သူများအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်မြေ ပိုင်ဆိုင်မှု အထောက်အထားများ ထုတ်ပေးနိုင်ရေး လိုအပ်လျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ အစိုးရက စီမံခန့်ခွဲနိုင်ခွင့်ရှိသော မြို့မြေအဖြစ် တိုးချဲ့သတ်မှတ်ပြီးပါက ပြည်သူများအနေဖြင့် နှစ်တို၊ နှစ်ရှည်မြေငှားဂရန်များ လျှောက်ထားနိုင်ခြင်း၊ မြေငှားဂရန်များရရှိပြီးပါက ဥပဒေနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ပေးကမ်းခွင့်၊ လဲလှယ်ခွင့်နှင့် သားစဉ်မြေးဆက် အမွေဆက်ခံခွင့်များ ရရှိခြင်း၊ တရားဝင်ပိုင်ဆိုင်မှုရရှိပြီးပါက အခြားသူများမှ လိမ်လည်ရောင်းဝယ်ခြင်းမှလည်း ကင်းဝေးနိုင်ခြင်း၊ အကြောင်းမဲ့ မြေသိမ်းဆည်းခံရခြင်းနှင့် ဖယ်ရှားခံရခြင်းမှလည်း ကင်းဝေးနိုင်ပြီး နိုင်ငံတော်မှ လိုအပ်၍ မြေသိမ်းဆည်းသည့်အခါတွင်လည်း ကာလတန်ဖိုးနှင့် လျော်ညီသည့် မြေယာလျော်ကြေး၊ နစ်နာကြေးများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးအဖွဲ့ ခေါင်းဆောင်သည့် ၁၁ ဦးပါ သီးခြားအဖွဲ့က စစ်ဆေးတွေ့ရှိသည့် အစီရင်ခံစာအပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရန်အတွက် အစည်းအဝေး တက်ရောက်လာကြသည့် အဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံစိစစ်ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြင့်ကြိုင်က ဟားခါးမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဟားခါးမြို့တိုးချဲ့ရန်အတွက် မြို့နယ်နိမိတ် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ၂၈၀၉၆ ဧကအတွင်းမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ၂၄၈၄၄ ဒသမ ၄၈ ဧကအား အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ ( ပုံစံ-၄) ဖြင့် လျှောက်ထားမှုအပေါ် ကန့်ကွက်မှုများနှင့် ပတ်သက်၍ သီးခြားအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီးခြား အဖွဲ့ခေါင်းဆောင် ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ဦးစီးဌာန၊ ဦးစီးမှူး ဦးတင်ဝင်း၊ ပြည်နယ်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟောင်းလွမ်း၊ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် ဒေါက်တာ မိုးဆက်ထလာကျုံးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက အဆိုပြုအဆင့်တွင် ရှိသေးသည့် ရုန်းတောင်သစ်တော ထိန်းသိမ်းရေးဧရိယာနှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ပြည်နယ်မြေစာရင်းဦးစီးမှူးပါ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ ပြန်လည်စိစစ်တင်ပြရန်လိုကြောင်း အကြံပြုဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် မြေလွတ် ၊ မြေလပ်နှင့် မြေရိုင်း ၈၄၈၁ ဧကအား ဟားခါးမြို့ မြေတိုးချဲ့ဧရိယာအဖြစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရန် အတည်ပြုဆုံးဖြတ်ပြီး ပြည်နယ် ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဘိုကလေးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ဘိုကလေး ဇူလိုင် ၂၇

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ဘိုကလေးမြို့နယ် ကဒုံကနီသစ်တောကြိုးဝိုင်းအကွက်အမှတ် (၇၆)တွင် ကျင်းပသည်။

ယင်းအပြည်ပြည်ဆိုင်ရာဒီရေတောနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းထွဋ်နှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ကဒုံကနီသစ်တောကြိုးဝိုင်းအတွင်းမှ ဒေသခံပြည်သူများက အုန်းပင် ၈၀၀၊ သမဲ့ကြီးပင် ၈၀၀ စုစုပေါင်း အပင် ၁၆၀၀ တို့အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝဖဍ

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသင့်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရခြင်းသာတည်း

**မောင်သောမန**

**ကျွန်ုပ်တို့သည် မွေးသည်မှ သေသည်အထိ ဘဝတစ်လျှောက်လုံး အလုပ်များကို ဆက်တိုက်လုပ်ကြရသည်။ ကြားပြတ်သည်ဟူ၍မရှိ။ အလုပ်ကို ပါဠိဝေါဟာရဖြင့် ''ကံ''ဟု ဆိုသည်။ ကံကို မြန်မာပြန်ဆိုလျှင် ''အမှု''ဟု ဆိုကြသည်။ ကိုယ်ဖြင့်လုပ်သောအမှုကို ''ကာယကံအမှု''၊ နှုတ်ဖြင့်လုပ်သောအမှုကို ''ဝစီကံအမှု''၊ စိတ်ဖြင့်လုပ်သောအမှုကို ''မနောကံအမှု''ဟု ဆိုကြသည်။**

''ကံ''သည် ကမ္မနိယာမအရ တူသော အကျိုးကို ပေး၏။ တူသောအကျိုးဆိုသည်မှာ မိမိပြုလုပ်သည့် ကောင်းကံ၊ မကောင်းကံအရ ထပ်တူပြန်ရသည်ဟု ဆိုလိုခြင်းဖြစ်၏။ ကံအကျိုးပေးသည် ပိုလည်းမပို၊ လိုလည်းမလို၊ လျှော့၍လည်းမရ၊ တိုး၍လည်း မရပေ။ ကံကို လိမ်ညာ၍မရ၊ အရှိကို အရှိအတိုင်း ခံစားကြရ၏။ ပုထုဇဉ်တို့သည် မိမိလုပ်သော အမှုကို အကောင်းချည်းဟုသာ ထင်တတ်၏။ အမှန်ကို မမြင်သဖြင့် ပုထုဇဉ်ဖြစ်ကြသည်။ ပြုလုပ်သောအမှု မှန်မမှန် သေခါနီးအခါမှ သိရ၏။



ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် (၂၉) ရပ်ကွက် သုခိတာလမ်း ခြံအမှတ် (၆၇)နှင့် သင်္ဃန်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက် ပြည်သာယာ လမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော် (ခ) ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ။

**အကုသိုလ်အမှု**

မကောင်းမှုပြုထားသော ဝရမ်းပြေးသည် ရာဇဝတ်ဘေးမှ ပြေးလျှင် လွတ်ချင်လွတ်နေပေလိမ့်မည်။ မလွတ်လျှင် ဥပဒေ၏ စီရင်ခြင်းကို မလွှဲမသွေခံရမည် ဖြစ်သည်။ အပြစ် အကြီး၊ အသေးပေါ်မူတည်၍ ပြစ်ဒဏ် အကြီး၊ အသေးခံရ၏။ အမှုသေးကို အပြစ်ကြီးကြီးချ၍မရသလို အမှုကြီးကို အပြစ်သေးသေးချ၍မရပေ။ သံသရာတွင်လည်း အကုသိုလ်အမှု၊ ကုသိုလ်အမှုတို့သည် အလားတူဖြစ်၏။ ရာဇဝတ်ဘေးမှာ ပြေး၍လွတ်နိုင်သေးသော်လည်း သံသရာဘေးမှာ ၃၁ ဘုံ၌ ဘယ်နေရာပြေးပြေး အကုသိုလ် အပြစ်ဒဏ်မှ လွတ်နိုင်လိမ့်မည် မဟုတ်ချေ။ အပယ်လေးပါးအပြစ်ဒဏ်ကို အကုသိုလ်အမှုအကြီးအသေးအလိုက် ကျခံကြရသည်။

**လောကတွင် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို၊ မိမိပြုလုပ်ခဲ့သောအလုပ်၏ အကျိုးပေးအတိုင်း ကောင်းမွေ၊ ဆိုးမွေတို့ကို တိတိကျကျ ခံစားကြရသည်။ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးဖြစ်စေ ကိုယ်ပြုလုပ်ခဲ့သည့် အကုသိုလ်ကံ အကျိုးပေးတို့ကို ဖျောက်ဖျက်ပစ်၍မရပေ။ အဆစ်တောင်း၍လည်းမရပေ။ ခြွင်းချက်အားဖြင့် မိမိပြုလုပ်ခဲ့သော ကောင်းကံအနည်း၊ အများအလိုက် လျှော့ပေါ့သက်သာခွင့်တော့ ရနိုင်ပါသည်။ လောကဓမ္မတာ ကမ္မနိယာမအရဖြစ်စေ၊ ဥပဒေကြောင်းအရ စီရင်ဆုံးဖြတ်ချက်အရဖြစ်စေ မိမိပြုသမျှ အမှု ''ကံ''အရ အညီအမျှသာ ခံကြရသည်သာဖြစ်သည်။**

မျက်မှောက်ကာလတွင် တိုင်းပြည်ကို ပျက်စီးစေသော၊ လူအများကို သေကျေပျက်စီးစေသော အမှုများအား ပြုလုပ်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပျက်စီးစေသောအမှုများသည် မကောင်းသောအမှု၊ မကောင်းသောကံများဖြစ်၍ ဓမ္မအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ တူညီသောအကျိုး၊ ထိုက်သင့်သည့်ပြစ်ဒဏ်များကို ခံကြရမည်ဖြစ်သည်။ ကိုယ်ပြုသည့် ''ကံ'' အမှုအလိုက် ထိုက်တန်သည့်အပြစ်ကို ခံရခြင်းဖြစ်၍ စောဒကတက်စရာ အကြောင်းမရှိပေ။ လတ်တလောတွင် သေဒဏ်ကျခံရမည့် အကျဉ်းသားလေးဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီးကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်လိုက်သည့်အခါ ကံ ကံ၏ အကျိုးကို နားမလည်သော၊ နားလည်ပါလျက်နှင့် နားမလည်ချင်ယောင်ဆောင်နေသော ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်များက အမျိုးမျိုးအဖုံဖုံ စောကြောဝေဖန်နေကြသည်ကို ကြားသိရပေသည်။

**ကျူးလွန်ခဲ့သည့် အပြစ်**

အကျဉ်းသားလေးဦးသည် ၎င်းတို့ပြုခဲ့သော ကျူးလွန်ခဲ့သည့်အတိုင်း ဥပဒေနှင့်အညီ စီရင်သော ခံရခြင်းဖြစ်၍ ဝမ်းသာစရာလည်းအကြောင်းမရှိ၊ ဝမ်းနည်းစရာလည်း အကြောင်းမရှိပေ။ နိုင်ငံတကာမှာ သေဒဏ်ထိုက်သည့် အပြစ်ကျူးလွန်သူကို သေဒဏ်အပြစ်ပေးမှုများရှိနေသည်ကို သိပါလျက်နှင့် ယခုသေဒဏ်စီရင်ခဲ့သည့် အမှုကို မတရားဘူး၊ ရက်စက်မှု၊ ယုတ်မာမှု၊ လူသားမဆန်မှု စသည်ဖြင့် ဝေဖန်စောကြောမှုများ ပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံ၌ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်နေသည့် အကြမ်းဖက်သမားများ အတင့်ရဲလာအောင်၊ ဆက်လက်ကျူးလွန်လာအောင် အားပေးနေသည့် သဘောသက်ရောက်နေသည်ကို သတိပြုမိဖို့လိုပါသည်။

ထို့ကြောင့် သေဒဏ်စီရင်ခံရသည့် အကျဉ်းသား လေးဦး ကျူးလွန်ခဲ့သည့်အမှုများကို အများသိပြီးသားဖြစ်သော်လည်း ထပ်မံ၍ အကျဉ်းချုပ်တင်ပြလိုက်ရပါသည်။

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်နေ့မှစတင်၍ နိုင်ငံတော်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားလာခဲ့ရာ ယင်းလုပ်ရပ်များတွင် ဖြိုးဇေယျာသော်(ခ) မောင်ကျော်(ခ)ရေခဲ၊ ကျော်မင်းယု(ခ) ဂျင်မီ၊ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရတို့သည် ရက်စက်ပြီး လူမဆန်သည့် အကြမ်းဖက်သတ်ဖြတ်မှုများကို ကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူအမြောက်အမြား သေဆုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အကြမ်းဖက် NUG အဖွဲ့ဝင် ဖြိုးဇေယျာသော်အား ၎င်းနေအိမ်တွင် ပစ္စတိုနှစ်လက်၊ ကျည် ၄၈ တောင့်၊ M-16 သေနတ်တစ်လက်၊ ကျည် ၇၄ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော တရားခံ ၂၉၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ်မျိုးစုံ ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း၊ ကျည်မျိုးစုံ၊ လက်ပစ်ဗုံးမျိုးစုံ၊ လက်လုပ်မိုင်းမျိုးစုံ၊ ဗုံးသီးမျိုးစုံ၊ ယမ်းမျိုးစုံစသည့် လက်နက်ခဲယမ်းအမြောက်အမြားနှင့်ဆက်စပ်ပစ္စည်းများ၊ လုပ်ကြံသတ်ဖြတ်မည့် စာရင်းစာအုပ်များနှင့် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ အကြမ်းဖက် NUG အဖွဲ့ဝင် ရည်မွန်နှင့် လွင်ကိုလတ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် လက်နက်ငယ်မျိုးစုံ ၃၅၃ လက်၊ ကျည်အိမ်မျိုးစုံ ၄၇၆ ခု၊ ခဲယမ်းမျိုးစုံနှင့် ဖောက်ခွဲဖျက်ဆီးရေးမျိုးစုံတို့ကို ပို့ဆောင်ပေးခဲ့သည်။

**လုပ်ကြံသတ်ဖြတ်**

ဖြိုးဇေယျာသော်သည် အကြမ်းဖက်အဖွဲ့ ၂၀ အား NUG ထံမှရရှိခဲ့သော လက်နက်ခဲယမ်းများ ထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် တာဝန်ထမ်းဆောင်နေသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် မတူကွဲပြားသောပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကျူးလွန်ခဲ့သည့်အပြင် အစိုးရအဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၃၀၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများ ဖောက်ခွဲဖျက်ဆီးခြင်း ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးပတ်ဝန်းကျင်ဖျက်ဆီးမှု ကိုးကြိမ်၊ ကညနရုံးနှင့် အနီးပတ်ဝန်းကျင် ဖောက်ခွဲဖျက်ဆီးမှု ကိုးကြိမ်၊ ယာဉ်ထိန်းရုံးများအား

*စာမျက်နှာ ၉ သို့*

❖ လောကတွင် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို၊ မိမိပြုလုပ်ခဲ့သောအလုပ်၏ အကျိုးပေးအတိုင်း ကောင်းမွေ၊ ဆိုးမွေတို့ကို တိတိကျကျ ခံစားကြရသည်။ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးဖြစ်စေ ကိုယ်ပြုလုပ်ခဲ့သည့် အကုသိုလ်ကံ အကျိုးပေးတို့ကို ဖျောက်ဖျက်ပစ်၍မရပေ။ အဆစ်တောင်း၍လည်းမရပေ။ ခြွင်းချက်အားဖြင့် မိမိပြုလုပ်ခဲ့သော ကောင်းကံအနည်း၊ အများအလိုက် လျှော့ပေါ့သက်သာခွင့်တော့ရနိုင်ပါသည်။ လောကဓမ္မတာ ကမ္မနိယာမအရဖြစ်စေ၊ ဥပဒေကြောင်းအရ စီရင်ဆုံးဖြတ်ချက်အရဖြစ်စေ မိမိပြုသမျှအမှု ''ကံ''အရ အညီအမျှသာ ခံကြရသည်သာ ဖြစ်သည်

❍ ဖြိုးဇေယျာသော်သည် အကြမ်းဖက်အဖွဲ့ ၂၀ အား NUG ထံမှ ရရှိခဲ့သော လက်နက်ခဲယမ်းများ ထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် တာဝန်ထမ်းဆောင်နေသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် မတူကွဲပြားသောပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့သည့်အပြင် အစိုးရအဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၃၀၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများ ဖောက်ခွဲဖျက်ဆီးခြင်း ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးပတ်ဝန်းကျင်ဖျက်ဆီးမှု ကိုးကြိမ်၊ ကညနရုံးနှင့် အနီးပတ်ဝန်းကျင်ဖောက်ခွဲဖျက်ဆီးမှု ကိုးကြိမ်၊ ယာဉ်ထိန်းရုံးများအား ဖောက်ခွဲဖျက်ဆီးမှု ၁၂ ကြိမ်၊ CCTV Control Box များ ဖောက်ခွဲဖျက်ဆီးမှု ငါးကြိမ်၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၆၀၊ ဘာသာရေးအဆောက်အအုံဖျက်ဆီးမှု နှစ်ကြိမ်၊ စာသင်ကျောင်းများ ဖောက်ခွဲဖျက်ဆီးမှု သုံးကြိမ်ဆောင်ရွက်ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ဖျက်ဆီးရေးအဖွဲ့များ Mission ဆောင်ရွက်မည့် တင်ပြချက်အပေါ်မူတည်၍ လက်နက်ခဲယမ်းများ ထုတ်ပေးခဲ့ပြီး အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့သည်

*စာမျက်နှာ ၈ မှ*

ဖောက်ခွဲဖျက်ဆီးမှု ၁၂ ကြိမ်၊ CCTV Control Box များ ဖောက်ခွဲဖျက်ဆီးမှု ငါးကြိမ်၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၆၀၊ ဘာသာရေး အဆောက်အအုံဖျက်ဆီးမှု နှစ်ကြိမ်၊ စာသင်ကျောင်းများ ဖောက်ခွဲဖျက်ဆီးမှု သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ဖျက်ဆီးရေးအဖွဲ့များ Mission ဆောင်ရွက်မည့် တင်ပြချက်အပေါ်မူတည်၍ လက်နက်ခဲယမ်းများ ထုတ်ပေးခဲ့ပြီး အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့သည်။

အကြမ်းဖက် CRPH နှင့် NUG အဖွဲ့ဝင်များက နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးများရှာဖွေပြီး ၎င်းထံသို့ တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်ပေးခဲ့သည်။ ရငွေများကို လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ အကြမ်းဖက်အဖွဲ့ဝင်များ ပုန်းခိုနေထိုင်ရန် နေအိမ်များ ငှားရမ်းပေးခြင်း၊ ဖောက်ခွဲရေးလုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရာတွင် အောင်မြင်မှုအပေါ်မူတည်၍ အကြမ်းဖက်သမားများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးခြင်းနှင့် အချို့ကို ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း သိရသည်။ ဖြိုးဇေယျာသော်၏ စေခိုင်းမှုဖြင့် အကြမ်းဖက်သမားများက ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး၊ အပြစ်မဲ့ပြည်သူ ၂၁ ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

**အကြမ်းဖက်အဖွဲ့ဖွဲ့စည်း**

အကြမ်းဖက် CRPH နှင့် NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေး ကျော်မင်းယု(ခ)ဂျင်မီကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် ၎င်း၏နေအိမ်၌ AK-47 သေနတ်ခြောက်လက်၊ M-16 သေနတ်ရှစ်လက်၊ ၁၂-ဗို့ သေနတ်နှစ်လက်၊ ဒေသန္တရလုပ်သေနတ် တစ်လက်၊ ကျည်အိမ် ၁၈ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ကျော်မင်းယုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လအတွင်း ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ၂၀၂၁ ခုနှစ် ဧပြီလတွင် Moon Light Operation အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။

ကျော်မင်းယု စီမံညွှန်ကြားသည့် ၎င်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်ခြင်း၊ အခြားပါတီဝင်များအား သတ်ဖြတ်ခြင်း၊ ၎င်းတို့ပါတီအား မထောက်ခံသူများကို သတင်းပေး၊ ဒလန်အဖြစ်စွပ်စွဲသတ်ဖြတ်ခြင်း၊ ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကဘဏ်များစသည့် အရပ်ဘက်ပစ်မှတ်များနှင့်အပြစ်မဲ့ပြည်သူများကို ဦးတည်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်ရေးအတွက် ၎င်းအဖွဲ့အား လွှင်ကိုလတ်က AK-47 နှင့် M-16 သေနတ် အလက် ၃၀၊ ကျည်တောင့် ၆၀၀၊ ကျည်ကတ် ၉၀ နှင့် ဗုံးဖောက်ရန် ကတ်သီး ၅၀၀ ကို ကျော်မင်းယုအား ပေးအပ်ခဲ့သည်။ ၎င်းအဖွဲ့သည် ဖြိုးဇေယျာသော် ဦးဆောင်သည့် ရန်ကုန်မြို့ပြ ပြောက်ကျားအဖွဲ့နှင့် ပူးပေါင်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ကြီးမားသော အကြမ်းဖက်လုပ်ငန်းရှစ်ခုကို လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲပြီး ညွှန်ကြားစေခိုင်းခဲ့သည်။

**အကြိမ်ကြိမ်ဆောင်ရွက်**

ကျော်မင်းယုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နွေဦးကဲ့ကော်အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူရန် ငွေကျပ် ၅၅ သိန်း ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အင်အားစုအဖွဲ့နှင့် ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ သိန်းတစ်ထောင်ခန့် တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သော 3D Printer ဝယ်ယူရန် NUG ထံသို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာများဝယ်ယူ၍ မြန်မာကျပ်ငွေဖြင့် လဲလှယ်ခြင်းများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ C-4 ယမ်းတောင့်၊ လက်ပစ်ဗုံး၊ ကတ်သီး၊ Drone၊ ဂြိုဟ်တုဖုန်း၊ ရေဒီယိုစကားပြောစက်၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးပေးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/NUCC အဖွဲ့ဝင်တို့နှင့် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

၂၀၂၁ ခုနှစ် မတ်လ ၁၄ ရက်နေ့ ည ၉ နာရီခန့်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး ခေါင်းဆောင်ပြီး လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်သည် အဆိုပါရပ်ကွက်တွင် နေထိုင်သည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး တစ်ဦးနှင့် အိမ်အကူအမျိုးသမီးတစ်ဦးတို့ကို သံပုံးမတီးခြင်းကို အကြောင်းပြကာ သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ လက်ပြန်ကြိုးတုပ်ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ခေါ်ဆောင်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည်။ ကျောင်းအတွင်းရှိ သံဃာတော်များက ရိုက်နှက်ညှဉ်းဆဲခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံသဖြင့် အဆိုပါအမျိုးသမီးနှစ်ဦးကို ရပ်ကွက်အတွင်းရှိ ဓမ္မာရုံသို့ ပြောင်းရွှေ့ခေါ်ဆောင်ကာ ထပ်မံ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ထို့နောက် အမျိုးသမီး၏နေအိမ်သို့ ပြန်လည်ခေါ်ဆောင်ကာ ရိုက်နှက်ညှဉ်းဆဲမှုများ ပြုလုပ်ခဲ့သည်။

**မသေမချင်းသတ်ဖြတ်**

မတ်လ ၁၅ ရက်နေ့ နံနက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရ တို့သည် အိမ်အကူအမျိုးသမီးကို နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူအမျိုးသမီးအား တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့်ခေါ်ဆောင်ပြီး အသင့်ယူဆောင်လာသော ကိုးလက်မ နှစ်ဖက်သွားဓားဖြင့် ငါးချက်ထိုးခဲ့သည်။ *စာမျက်နှာ ၁၀ သို့*



| | | | |
|---|---|---|---|
| ဖမ်းဆီးရမိလက်နက်/ခဲယမ်းများစာရင်း | | | |
| (၁) | AK-47 သေနတ် | ၆ | လက်။ |
| (၂) | M-16 သေနတ် | ၈ | လက်။ |
| (၃) | ၁၂ ဗို့သေနတ် | ၂ | လက်။ |
| (၄) | တူမီးသေနတ် | ၁ | လက်။ |
| (၅) | ကျည်အိမ် | ၁၈ | ခု။ |

ကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများအား တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဆင်ချောင်ကျေးရွာနေ လွဲလွဲဝင်းသည် ၎င်းအသုံးပြုသည့် "SANN LAY" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၅)ရပ်ကွက်နေ ထွန်းအောင်သူ (ခ) တက်တိုးသည် ၎င်းအသုံးပြုသည့် "Htun Aung Thu" Facebook အကောင့်၊ ပြည်မြို့နယ် ရွာဘဲကျေးရွာနေ ဘိုဘိုထွန်းသည် ၎င်းအသုံးပြုသည့် "Bo Bo Htun" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက်နေ နိုင်လတ်(ခ)ဘိုကျည်နှင့် ၎င်း၏ဇနီးဖြစ်သူ အေးအေးမင်း(ခ) ဘုတ်ဘုတ်တို့သည့် ၎င်းတို့အသုံးပြုသည့် "Naing Latt" Facebook အကောင့်နှင့် "Aye Aye Minn" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

**အမျိုးသမီးမှာ ဒဏ်ရာဖြင့် ရန်းကန်နေစဉ် အောင်သူရဇော်(ခ)ကတုံး(ခ)သူရက အမျိုးသမီး ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ ဆွဲချကာ ဓားဖြင့်နှစ်ချက် ထပ်မံထိုးပြီး ရက်စက်စွာ မသေမချင်းသတ်ဖြတ်ခဲ့သည်။ ထို့နောက် အမျိုးသမီးအလောင်းအား ချုံပုတ်အတွင်း ပစ်ထားခဲ့သည်။**

အထက်ပါ တရားခံလေးဦး၏ ကျူးလွန်ခဲ့သော အမှုများသည် အလွန်ကြီးလေးသော အမှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်၍ သေဒဏ်စီရင်ခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ထိုက်တန်သော စီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။ လူအများကို ရက်စက်စွာသတ်ဖြတ်နိုင်ရန် အတွက် ကြံစည်အားထုတ် ကြိုးပမ်းခဲ့သူများ အပေါ်တွင် ဝမ်းနည်း၊ ဝမ်းသာစရာ ဖြစ်ရန်မလိုအပ်ပေ။ ကံ ကံ၏အကျိုးပေးကို ပြန်လည်ခံစားရခြင်း ဖြစ်ပေသည်။ အကျဉ်းသားလေးဦးအား သေဒဏ်စီရင်လိုက်သည့်အပေါ်တွင် ကရုဏာပွား၊ ဝေဖန်နေကြသည့် ပြည်ပနိုင်ငံကြီးအချို့၏ ပြောဆိုနေကြမှုများမှာလည်း အထူးအဆန်းတော့မဟုတ်ပါ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုသလိုဖွင့်ဆိုသည့် အနောက်အုပ်စုက အကြမ်းဖက်သမားများကို ဒီမိုကရေစီသူရဲကောင်းသဖွယ် ပွဲထုတ်လာကြပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သော အစိုးရကို အကြမ်းဖက်လုပ်ရပ်အဖြစ် အပြစ်ပုံချသည့် လမ်းကြောင်းကို ဖော်ဆောင်လာခြင်းဖြစ်သည်။

❂ **မတ်လ ၁၅ ရက်နေ့ နံနက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရတို့သည် အိမ်အကူအမျိုးသမီးကို နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူ အမျိုးသမီးအား တွံတေးမြို့နယ် ဖျောက်ရိုကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်ပြီး အသင့်ယူဆောင်လာသော ကိုးလက်မ နှစ်ဖက်သွားဓားဖြင့် ငါးချက်ထိုးခဲ့သည်။ အမျိုးသမီးမှာ ဒဏ်ရာဖြင့် ရုန်းကန်နေစဉ် အောင်သူရဇော်(ခ)ကတုံး(ခ)သူရက အမျိုးသမီး ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ ဆွဲချကာ ဓားဖြင့်နှစ်ချက်ထပ်မံထိုးပြီး ရက်စက်စွာ မသေမချင်းသတ်ဖြတ်ခဲ့သည်။ ထို့နောက် အမျိုးသမီးအလောင်းအား ချုံပုတ်အတွင်း ပစ်ထားခဲ့သည်**

### တရားမျှတမှုရှိရမည်

အမေရိကန်နိုင်ငံ၌ အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားအား အမေရိကန်တရားရေးက မည်သို့တရားစီရင်သည်ကိုမူ မည်သူမျှ မေးခွန်းမထုတ်ကြချေ။ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူဆိုသည်မှာ ဒီမိုကရေစီအခွင့်အရေးရရှိရေးအတွက် တက်ကြွစွာ လှုံ့ဆော်စည်းရုံးနေသူသာဖြစ်ပြီး အကြမ်းဖက်သမားဆိုသည်မှာ အများပြည်သူ အဆောက်အအုံများကို ဗုံးခွဲဖျက်ဆီးသူနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်သူများဖြစ်သည်ကို ခွဲခြားသိမြင်ဖို့လိုပါသည်။ အကြမ်းဖက်သမားဖြစ်စေ၊ အခြားပြစ်မှုကြီးကျူးလွန်သူဖြစ်စေ သေဒဏ်ချမှတ်ခံရခြင်းသည် လူသားချင်းစာနာမှုအရ ဝမ်းမြောက်စရာမရှိဘဲ ကျူးလွန်သည့်ပြစ်မှုနှင့် ညီမျှသော ပြစ်ဒဏ်ကို ခံကြရမည်သာဖြစ်သည်။ သေဒဏ်ကျခံရမည့် အကြမ်းဖက်သမား၏ အသက်တစ်ချောင်းကို တန်ဖိုးထားသလို အကြမ်းဖက်သမားလုပ်ရပ်ကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ အသက်ပေါင်းများစွာကိုလည်း တန်ဖိုးထားကြောင်း ပြသနိုင်မှသာ တရားမျှတမှုရှိပေမည်။

အများပြည်သူ အသက်ခန္ဓာ အမြောက်အမြား သေကျေပျက်စီးစေရန် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးမြောက်အောင် ကျူးလွန်ခဲ့သော အကြမ်းဖက်သမားများအား သေဒဏ်စီရင်လိုက်ခြင်းသည် ၎င်းတို့ပြုသည့်ကံအရ ၎င်းတို့ပြန်လည်ခံရခြင်းဖြစ်ရာ ယင်းကို မဆင်ခြင်ဘဲ ၎င်းတို့အပေါ်တွင် ကရုဏာသက်ဝင်၊ တရားစီရင်မှုအပေါ်တွင် ဝေဖန်စောကြောပြစ်တင်နေကြသည့် ပုဂ္ဂိုလ်များအနေဖြင့် အကြမ်းဖက် အားပေးသည့်အပြစ် အဆစ်မထိုက်ကြပါစေရန် သတိပေးလိုရင်းဖြစ်ပါသည်။ ။

---



# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် Mask (၁၀) တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ ရေဝတီမြစ်ကမ်းစပ်၌ ကြီးထွားမှုနှုန်းမြန်ဆန်သည့် ငါးသားပေါက် ငါးသိန်း မျိုးစိုက်ထည့်

**မကွေး ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းခြင်းကို စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးများ စဉ်ဆက်မပြတ် တည်ရှိစေရန်၊ ငါးထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် ယနေ့နံနက် ၈ နာရီက မကွေးမြို့ ကမ်းနားလမ်း နန်းထိုက်သူဟိုတယ်အနီး ရေဝတီမြစ်ကမ်းစပ်၌ ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။(ယာပုံ)



အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ရေဝတီမြစ်အတွင်း ကြီးထွားမှုနှုန်း မြန်ဆန်သည့် ငါးသားပေါက်များဖြစ်သည့် ငါးမြစ်ချင်းအကောင်ရေ တစ်သိန်း၊ ထိုင်းငါးခုံးမ အကောင်ရေ နှစ်သိန်းငါးသောင်း၊ ရွှေဝါငါးကြင်း အကောင်ရေ တစ်သိန်းငါးသောင်း စုစုပေါင်း ငါးသိန်းကို မျိုးစိုက်ထည့်ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးစားသုံးခြင်းမှ ကုန်ဆုံးသွားသောငါးများကို ပြန်လည် အစားထိုးရန် ရည်ရွယ်၍ စိုက်ထည့်ခြင်းဖြစ်ကြောင်း၊ ရေဝတီမြစ်ကြောင်းတစ်လျှောက် မကွေး၊ ပခုက္ကူ၊ သရက်၊ တောင်တွင်းကြီးမြို့များတွင် စိုက်ထည့်သွားမည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်များ စိုက်ထည့်ပြီးပါက ဆည်၊ တမံများအတွင်းသို့ ငါးမျိုးစိုက်ကောင်ရေ စုစုပေါင်း ၂၂ သိန်း စိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်မေသန္တာဝင့်ထံမှ သိရသည်။

ငါးမျိုးစိုက်ထည့်ခြင်းကို မကွေးတိုင်းဒေသကြီး ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ မကွေးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ် စခန်း ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ မျိုးငါးသားပေါက်ကောင်ရေ သုံးသိန်းနှင့် တောင်တွင်းကြီးငါးလုပ်ငန်းစခန်းမှ မျိုးငါးသားပေါက်ကောင်ရေ နှစ်သိန်း သားဖောက်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

စစ်တွေ ဇူလိုင် ၂၇

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**




ရှေးဦးစွာ ကာယဗလမောင်ပြိုင်ပွဲကို ကျင်းပရာ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ Man Sport Physique အားကစားသမားများ၊ မယ်ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်နှင့် ၅ ပေ ၃ လက်မအထက် မယ်များ၊ Fitness Physique ပြိုင်ပွဲဝင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ၆၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကာယဗလမောင်များကို လည်းကောင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီးက ၆၅ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကို လည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ၇၀ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ၇၅ ကီလိုတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ၇၅ ကီလိုတန်းအထက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က Man Sport Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကာယဗလမောင်များကို ဆုများ ပေးအပ်ချီးမြှင့်သည်။ (အပေါ်ယာပုံ)

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ကာယကြံ့ခိုင်မှုမယ် ၅ ပေ ၃ လက်မအောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော မယ်များကို လည်းကောင်း၊ စစ်တွေတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က ၅ ပေ ၃ လက်မအထက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော မယ်များကို လည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက Fitness Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ပြိုင်ပွဲဝင်မယ်များကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ပထမဆုရရှိသော ပြိုင်ပွဲဝင်များကို ဆုတံဆိပ်နှင့် ငွေသားဆု၁၅၀၀၀၀၊ ဒုတိယဆုရရှိသော ပြိုင်ပွဲဝင်များကို ဆုတံဆိပ်နှင့် ငွေသားဆု ၁၀၀၀၀၀ နှင့် တတိယဆုရရှိသော ပြိုင်ပွဲဝင်များကို ဆုတံဆိပ်နှင့် ငွေသားဆု ၇၀၀၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**လွိုင်ကော် ဇူလိုင် ၂၇**

ကယားပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုနှင့် ကြုံတွေ့လာပါက ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ရောဂါကုသရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သံလွင်အောင်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လွိုင်ကော်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းဝင်းခိုင်က ပြည်နယ်အတွင်းရှိ မြို့နယ်/တိုက်နယ်ဆေးရုံများ၏ အခြေအနေနှင့် ကုသရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ထပ်မံပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်းရှိဆေးကုသဆောင်၊ ကလေးလူနာဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုလူနာဆောင်နှင့် ခွဲစိတ်ကုသဆောင်များသို့သွားရောက်၍ ဆေးကုသလျက်ရှိသော လူနာများကို ကြည့်ရှုအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဝင်းအတွင်းတွင် ဆေးရုံ၏ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သာယာလှပရေး ဆောင်ရွက်ထားမှု၊ ဆေးရုံဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၉၀ | ၁၈၃၅ | ၁၈၃၀ | ၁၈၀၀ | ၁၈၃၅ | ၁၈၅၅ | ၁၈၄၅ | ၁၈၂၀ | ၁၉၁၅ | ၁၉၃၀ | ၁၈၂၅ | ၁၈၃၅ | ၁၈၇၀ | ၁၈၇၀ | ၁၈၇၅ | ၂၀၉၅ | ၂၆၂၀ |
| 95 Ron | ၁၈၅၅ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၀ | ၁၉၉၅ | ၁၈၉၅ | ၁၉၁၀ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၀ | ၂၁၆၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၅ | ၂၉၀၅ |
| HSD (50 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၃၅ |
| HSD (10 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၈ | ၁၇၆၅ |
| 95 Ron | ၁၇၆၂ | ၁၈၃၁ |
| HSD (500 ppm) | ၁၉၇၉ | ၂၀၄၈ |
| HSD (50 ppm) | ၂၀၃၄ | ၂၁၀၄ |
| HSD (10 ppm) | ၂၀၃၄ | ၂၁၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၉၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၆၁၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၈၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၈၄၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၅၁၁၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ နှင်းပွင့်အေး၊ ဟေမာနီစိုး၊ ဆုမြတ်နိုး၊ ယဉ်လွန်းအိမ်တို့ကို ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည့် မလေးရှားနှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့်ပွဲဖြစ်သောကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့သော်လည်း လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာသည့် ဖိလစ်ပိုင်အသင်းမှာလည်း ဆီမီးဖိုင်နယ်တက်ရောက်ရေး နောက်ဆုံးမျှော်လင့်ချက်အတွက် အကောင်းဆုံး တုံ့ပြန်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဂိုးရရန် အားကုန်ထုတ်ကစားခဲ့ရပြီး ၃၃ မိနစ်တွင် နှင်းပွင့်အေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး လေးမိနစ်အကြာတွင် မြန်မာအသင်း ဒုတိယဂိုး ထပ်မံရရှိခဲ့ပြီး ဆုမြတ်နိုးက သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်းက အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည်။ ၈၇ မိနစ်တွင် ဂျိုနာလင်လူဘမ်က ဖိလစ်ပိုင်အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း မိနစ် ၉၀ တွင် နှင်းပွင့်အေးက မြန်မာအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို သွင်းယူခဲ့သည်။

အုပ်စု(ခ)တွင် မြန်မာနှင့် ဩစတြေးလျအသင်းတို့မှာ ထိပ်တိုက်မတွေ့ဆုံမီ ခြောက်မှတ်စီရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် သေချာသွားပြီး နှစ်ပွဲစလုံးရှုံးထားသည့် ဖိလစ်ပိုင်နှင့် မလေးရှားအသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၂၉ ရက်တွင် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

● *ကျောဖုံးမှ*

အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ငါးပွဲဆက် အနိုင်ရရှိရေးအတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြဝတီအသင်းမှာလည်း အပြန်အလှန် တိုက်စစ်ဆင် ကစားခဲ့သည်။ မြဝတီအသင်းသည် ရှမ်းယူနိုက်တက်အသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်သော်လည်း ရရှိသည့်အခွင့်အရေးများ အသုံးမချနိုင်သဖြင့် နိုင်ပွဲပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ အသင်းကြီးပီသစွာ ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး ရရှိသည့်အခွင့်အရေးကို အသုံးချကာ အမှတ်ပြည့် ရယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းကတည်းက ရရှိခဲ့ခြင်းဖြစ်ပြီး ၂၆ မိနစ်တွင် မတ်ခ်ဆာကီက အဝေးမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ငါးပွဲစလုံးအနိုင်ရကာ ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး မြဝတီအသင်းမှာမူ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ်ကိုးမှတ် ရရှိထားသည်။

ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ဇူလိုင် ၂၈ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ- MNL**

## ဆော်ဒီအာရေဗျနိုင်ငံမှ စက်သုံးဆီတင်သွင်းရန် လာအိုအစိုးရ စီစဉ်


လာအိုနိုင်ငံ၌ စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်ခဲ့သည့် မေလက စက်သုံးဆီဖြည့်ရန် တန်းစီစောင့်ဆိုင်းနေကြသူများ။

**ဗီယန်ကျင်း ဇူလိုင် ၂၇**

လာအိုအစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံမှ စက်သုံးဆီတင်သွင်းပြီး နိုင်ငံမှ လယ်ယာထွက်ကုန်များကို အဆိုပါ နိုင်ငံသို့ တင်ပို့ရန် ရည်ရွယ်နေကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်းပြီး လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကွန်မာဆစ်သည် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး မင်းသား ဖိုင်ဆယ်ဘင်ဖာဟန်အယ်ဆပ်နှင့် ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြီးခဲ့သည့် ကြာသပတေးနေ့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါ နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် စီးပွားရေးနယ်ပယ်တွင် ဆက်ဆံရေး ခိုင်မာစေရန်နှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရန် ရည်ရွယ်ကြောင်း ပြောသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း မေလနှင့် ဇွန်လတွင် စက်သုံးဆီ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်သူများ၏ လိုအပ်ချက်အတွက် စက်သုံးဆီ လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်ရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ကတိပြုထားကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းတွေ့ဆုံမှုအတွင်း လာအိုနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးလာစေရန် အလေးအနက် ပြောကြားခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါ နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်တွင် အချင်းချင်း ပံ့ပိုးကူညီကြရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၇၆၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိ

**စင်ကာပူ ဇူလိုင် ၂၇**

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၂၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၈၇၆၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၆၈၅၈၈၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူးစက်ခံရသူများအနက် ၇၁၉ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၈၀၄၄ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သောအချက်အလက်အရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိမှုအနက် ၆၇၈ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၄၁ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။ ထို့အပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိမှုအနက် ၇၇၄၂ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၃၀၂ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၉၀ အထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**



## ဖိလစ်ပိုင်နိုင်ငံ၌ ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွား


ငလျင်လှုပ်မှုကြောင့် အိမ်တစ်လုံး တိမ်းစောင်းသွားသည်ကို တွေ့ရစဉ်။

**မနီလာ ဇူလိုင် ၂၇**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လူဇွန်ကျွန်းတွင် ဇူလိုင် ၂၆ ရက်က ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှု ဖြစ်ပွားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် လက်ရှိအချိန်အထိ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခြင်း မရှိသေးကြောင်း၊ အမေရိကန်ဘူမိဗေဒစစ်တမ်းအရ အဆိုပါငလျင်သည် ငလျင်ဗဟိုချက်အောက် ၁၀ ကီလိုမီတာအနက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြင်းထန်ကြောင်း သိရသည်။ သို့သော်လည်း တာဝန်ရှိသူများက ဆူနာမီအန္တရာယ် မရှိကြောင်း ပြောသည်။

အထပ်မြင့် အဆောက်အအုံများမှ လူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။ အမျိုးသမီးတစ်ဦးက အဆိုပါ ငလျင်လှုပ်မှုနှင့်ပတ်သက်ပြီး အလွန်ကြောက်ဖို့ကောင်းကြောင်း၊ လှုပ်ခတ်မှုက အမှန်တကယ် အားပြင်းကြောင်း ပြောသည်။ အဆိုပါ ငလျင်လှုပ်မှုကြောင့် မနီလာရှိ မီးရထားစနစ်အား ရပ်ဆိုင်းထားရကြောင်း ဒေသတွင်း မီဒီယာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## မက္ကဆီကိုနိုင်ငံ၌ မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၆၀ ရှိလာ

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၇**

မက္ကဆီကိုနိုင်ငံတွင် မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၆၀ ရှိကြောင်း ကာကွယ်ရေးနှင့် ကျန်းမာရေးမြှင့်တင်ရေး လက်ထောက်အတွင်းရေးမှူး ဟူဂိုလိုပက်ဇ်ဂါတဲလ်က ဇူလိုင် ၂၆ ရက်တွင် ပြောသည်။ ထို့အပြင် လက်ရှိအချိန်အထိ မက္ကဆီကိုနိုင်ငံတွင် မျောက်ကျောက်ရောဂါနှင့်ပတ်သက်ပြီး သေဆုံးသူမရှိသေးကြောင်း ၎င်းက ဆက်ပြောသည်။

ငါးဦး၊ ခြောက်ဦးခန့်သာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ယေဘုယျအားဖြင့် ရောဂါကူးစက်ခံရသော လူတိုင်းနီးပါးသည် ခန့်မှန်းခြေအားဖြင့် ၂၁ ရက်အတွင်း ပြန်ကောင်းလာကြကြောင်း၊ မျောက်ကျောက်ရောဂါသည် ရေကျောက်ရောဂါဖြစ်စေနိုင်သော ဗိုင်းရပ်စ်နှင့် ဆက်စပ်မှုရှိပြီး ရောဂါပြင်းထန်မှုနည်းသည့်အတွက် အသက်သေဆုံးနိုင်ခြေနည်းကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ နိုင်ငံနှင့် ဒေသ ၇၅ ခုတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ အရေအတွက် ၁၆၀၀၀ ကျော်ရှိပြီး သေဆုံးသူ ငါးဦးရှိကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဇူလိုင် ၂၃ ရက်က မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားသည်။

**ဆင်ဟွာ**



## ယူအေအီးနိုင်ငံက လှူဒါန်းသည့် အစားအစာနှင့်ဆေးဝါး ထောက်ပံ့ရေးလေယာဉ် ဆူဒန်နိုင်ငံသို့ ဆိုက်ရောက်လာ

**ခါတွမ် ဇူလိုင် ၂၇**

ဆူဒန်နိုင်ငံ ဒါဖာဒေသအနောက်ပိုင်းရှိ ဆင်းရဲချို့တဲ့သောသူများအတွက် ယူအေအီးနိုင်ငံက လှူဒါန်းသည့် အစားအစာနှင့် ဆေးဝါးများ သယ်ဆောင်လာသော ကူညီထောက်ပံ့ရေးလေယာဉ်တစ်စင်း ခါတွမ်လေဆိပ်သို့ဆိုက်ရောက်လာကြောင်း ဆူဒန်အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

အဆိုပါအကူအညီများကို ဒါဖာပြည်နယ်ရှိ ထိခိုက်ခံစားခဲ့ရသူများနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆူဒန်နိုင်ငံ အသွင်ကူးပြောင်းရေး အချုပ်အခြာအာဏာပိုင်ကောင်စီအဖွဲ့ဝင် အယ်ဟာဒီအီဒရစ် က ပြောသည်။

ဆူဒန်နိုင်ငံ အသွင်ကူးပြောင်းရေး အချုပ်အခြာအာဏာပိုင်ကောင်စီသည် အနောက်ဒါဖာပြည်နယ်တွင် မကြာသေးမီက လူမျိုးစုပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသောသူများအတွက် ကူညီထောက်ပံ့ရန် ကမ်ပိန်းတစ်ခု စတင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်၌ ကာလဝမ်းရောဂါဖြစ်ပွား ကလေးငယ် ခုနစ်ဦးထက်မနည်း သေဆုံး

**ကန်ဒါဟာ ဇူလိုင် ၂၇**

အာဖဂနစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တစ်ပတ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ကလေးငယ်ခုနစ်ဦးထက်မနည်းသေဆုံးပြီး ၆၆၇ ဦး ကူးစက်မှုဖြစ်ပွားခဲ့ကြောင်း အဆိုပါပြည်နယ်မှ ဆရာဝန်တစ်ဦးဖြစ်သူ မိုဟာမက်ဒက်အယူဘီက ဇူလိုင် ၂၇ ရက်တွင် ပြောသည်။

ဝမ်းပျက်ဝမ်းလျှော ဝေဒနာခံစားနေရသူ စုစုပေါင်း ၉၅၀၀ ကို ကျန်းမာရေးစောင့်ရှောက်မှုစင်တာသို့ ပို့ဆောင်ထားပြီး အဆိုပါ ရောဂါခံစားနေရသူများထဲမှ ၆၆၇ ဦးသည် ကာလဝမ်းရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အယူဘီက ဆက်ပြောသည်။

ကာလဝမ်းရောဂါဖြစ်ပွားမှု အစောပိုင်းကာလတွင် ကန်ဒါဟာပြည်နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် ဟယ်မန်းပြည်နယ်တွင် ကလေးငယ် ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘဝကိုငြီးငွေ့ပြီး ထင်ရာစိုင်းခဲ့သော်လည်း နောက်ဆုံးမှာ ကြိုးစင်တက်ခဲ့ရတဲ့ လူသတ်ကောင် သို့မဟုတ် ဂျပန်မှ ရာဇဝတ်ဘေးပြေးမလွတ်ဇာတ်လမ်း

နေမင်း

လွန်ခဲ့တဲ့ ၁၄ နှစ်က တိုကျိုမြို့ လူစည်ကားရာ လမ်းမထက်မှာ သွေးရူးသွေးတန်းတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး အဲဒီတိုက်ခိုက်မှုမှာ လူခုနစ်ဦးကို အသက်သေဆုံးစေခဲ့တဲ့အထိ ဓားနဲ့တိုက်ခိုက်ခဲ့တဲ့ ပြစ်မှုထင်ရှား လူတစ်ဦးကို ကွပ်မျက်ခဲ့တယ်လို့ ဂျပန်မီဒီယာတွေမှာ ဇူလိုင် ၂၆ ရက်က ဖော်ပြခဲ့ပါတယ်။

**လူခုနစ်ဦးကို ဓားဖြင့်ထိုးသတ်**

အများပြည်သူ အသံလွှင့်ဌာနတစ်ခု ဖြစ်တဲ့ အင်န်အိတ်ချ်ကေနဲ့ တခြား သတင်းမီဒီယာတွေမှာ အသက် ၃၉ နှစ် ရှိတဲ့ ကာတို တိုမိုဟီရို ကို ၂၀၀၈ ခုနှစ် မဆင်မခြင် မိုက်မိုက်ကန်းကန်း သောင်း ကျန်းမှုနဲ့ မသေမချင်း ကြိုးကွင်းစွပ်သတ် ပြစ်ဒဏ်စီရင်ခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ ကာတို တိုမိုဟီရို ဟာ သူ့ရဲ့ နှစ်တန် ကုန်တင်ကားကို လျှပ်စစ်ပစ္စည်း အရောင်းဆိုင်တွေနဲ့ သာမက ဂျပန်အန်နီ မေးရှင်းကာတွန်း၊ သိပ္ပံစိတ်ကူးယဉ်၊ ဗီဒီယိုဂိမ်းစတာတွေနဲ့ ဆက်စပ်လျက် ရှိတဲ့ ဂျပန်ဝါသနာရှင်တို့ရဲ့ ယဉ်ကျေးမှု ပုံစံတစ်ခုဖြစ်တဲ့ geek subculture တွေနဲ့ စည်ကားနေပြီး ဈေးဝယ်ဒေသလို့ တင်စားရလောက်တဲ့ အာကီဟာဘာရာရှိ ကြက်ပျံမကျ စည်ကားလှတဲ့ လမ်းသွား လမ်းလာကြားထဲကို သွေးရူးသွေးတန်းနဲ့ အတင်းမောင်းဝင်ခဲ့ပါတယ်။ အဲဒီနောက် မှာ သူဟာ သူ့ရဲ့ ကုန်တင်ကားထဲက ထွက်လာပြီး လမ်းသွားလမ်းလာတွေကို ဓားဖြင့် လိုက်ထိုးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဇွန်လက ဖြစ်ပွားခဲ့တဲ့ အဲဒီဖြစ်ရပ်မှာ ကာတို တိုမိုဟီရို ရဲ့ မိုက်မဲ တဲ့ လုပ်ရပ်ကြောင့် လူခုနစ်ဦး သေဆုံးခဲ့ ပြီး အခြားလူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

**လူသတ်ဖို့ရောက်လာခဲ့**

အဲဒီအချိန်တုန်းက ဖြစ်ခဲ့တဲ့ဖြစ်ရပ် အပေါ် အထီးကျန်သူ ကာတိုက ဘဝကို ငြီးငွေ့တယ်ဆိုပြီး ရဲတွေကို ညည်းညူခဲ့ဖူးပါတယ်။ "အာကီဟာ ဘာရာကို လူသတ်ဖို့ရောက်လာခဲ့တယ်၊ ဘယ်သူ့ကိုပဲ သတ်ရသတ်ရဆိုပြီး" လို့ သူက ပြောခဲ့ပါတယ်။

ဂျပန်နိုင်ငံမှာ အဲဒီလိုလူသတ်မှုဟာ ခုနှစ်နှစ်အတွင်းမှာ အဆိုးရွားဆုံးတိုက် ခိုက်မှုဖြစ်ခဲ့သလို နိုင်ငံကို အတော်လေး တုန်လှုပ်သွားစေခဲ့ပါတယ်။

**ရဲရှေ့မှောက်လျက်လဲ**

အဲဒီတိုက်ခိုက်မှု ပြီးပြီးချင်းမှာပဲ သူဟာ ရဲရှေ့မှောက်လျက်လဲဆိုသလို ရဲအရာရှိနဲ့ ပက်ပင်းတိုးမိပြီး အဖမ်းခံ ခဲ့ရပါတယ်။ သူဟာ အာကီဟာ ဘာရာကိုသွားမယ့် သူ့ရဲ့ခရီးစဉ်ကို အင်တာနက်ပေါ်မှာ ကားမောင်းနေရင်းနဲ့ မှတ်တမ်းတင်ခဲ့ပြီး သူ့ဘဝအလုပ်မည်မည် ရရမရှိဘဲ အထီးကျန်ပြီး ငြီးငွေ့စရာ ကောင်းပုံကို ရေးသားခဲ့ပါတယ်။

ကာတိုဟာ အဲဒီဒေသကိုအကြိမ်ပေါင်း များစွာ ရောက်ဖူးပြီး အဲဒီဒေသရဲ့ လျှော့ဈေးစတိုးဆိုင်တွေမှာ ဈေးဝယ် သူများနဲ့ ခရီးသွားများ ပြည့်ကျပ်နေမယ့် အခြေအနေကို သိရှိထားပါတယ်။

**ယုံကြည်ချက်တွေကွယ်ပျောက်**

ဘဏ်လုပ်ငန်းရှင်တစ်ဦးရဲ့ သားဖြစ် တဲ့ ကာတိုဟာ ဂျပန်နိုင်ငံမြောက်ပိုင်း အိုမိုရီခရိုင်မှာ ကြီးပြင်းခဲ့ပါတယ်။ အဲဒီမှာ သူဟာ ထိပ်တန်းအထက်တန်း ကျောင်းတစ်ကျောင်းမှာ ဘွဲ့ရခဲ့ပါတယ်။ သူဟာ သူ့ရဲ့ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကျခဲ့ပြီး နောက်ဆုံးမှာ ကားစက်ပြင် ဆရာအဖြစ် လေ့ကျင့်သင်ကြားခဲ့တယ်လို့ အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားပါတယ်။


ပြစ်မှုကျူးလွန်သူ ကာတို တိုမိုဟီရို ကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်နေစဉ်။


လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က ကာတို တိုမိုဟီရို ပြစ်မှုကျူးလွန်ခဲ့သည့် အာကီဟာဘာရာ ရှိ ဈေးဝယ်ဒေသတစ်ခုတွင် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်နေစဉ်။

အွန်လိုင်းမှာ စကားပြောဖူးခဲ့တဲ့ အမျိုးသမီးတစ်ဦးကို သူ့ဓာတ်ပုံတစ်ပုံ ပို့လိုက်ပြီးနောက်မှာ အဲဒီအမျိုးသမီးက သူနဲ့ ရုတ်တရက်အဆက်အသွယ်ဖြတ် တောက်လိုက်တဲ့အချိန်ကစပြီး ကာတိုရဲ့ ယုံကြည်ချက်တွေ ကွယ်ပျောက်ခဲ့တယ် လို့ အစိုးရရှေ့နေတွေက ပြောကြားခဲ့ပါ တယ်။

**မိမိလုပ်ရပ်အတွက် နောင်တရ**

လူအများကြီးကိုသတ်မယ့် သူ့ရဲ့ အစီအစဉ်ကို ဘာတုံ့ပြန်မှုမှ မပေးကြတဲ့ အတွက် သူ့ရဲ့ဒေါသတွေဟာ အထွတ် အထိပ်ကိုရောက်ရှိခဲ့တယ်လို့ အစိုးရ ရှေ့နေတွေက ပြောပါတယ်။

တရားရင်ဆိုင်ဖို့ စောင့်ဆိုင်းနေစဉ် ဓားထိုးခံရမှုအတွင်း ဒဏ်ရာရရှိခဲ့တဲ့ အသက် ၅၆ နှစ်အရွယ် အငှားယာဉ်မောင်း တစ်ယောက်ကို မိမိလုပ်ရပ်အတွက် နောင်တရကြောင်း ကာတိုက ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

**ကွပ်မျက်မှုထွက်ပေါ်**

အသတ်ခံရသူတွေဟာ သူတို့ရဲ့ဘဝ တွေကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပြီး သူတို့မှာ အိပ်မက်တွေ၊ တောက်ပတဲ့ အနာဂတ်တွေ၊ နွေးထွေးတဲ့မိသားစုတွေ၊ ချစ်သူတွေ၊ သူငယ်ချင်းတွေနဲ့ လုပ်ဖော် ကိုင်ဖက်တွေရှိခဲ့တယ်လို့ ကာတိုက ရေးသားခဲ့ပါတယ်။ သူ့ရဲ့မှတ်ချက်ကို ရှင်ကန်အဆာဟိ အပတ်စဉ်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

❖ ပြစ်မှုရဲ့ ကြီးလေးတဲ့အတိုင်းအတာဟာ ပြစ်မှုကျူးလွန်သူအား သက်ညှာပေးရန် နေရာမရှိဘူးဆိုပြီး တရားသူကြီးက ပြောကြား

❖ သတ်ဖြတ်မှုများဟာ အလွန်ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့ပြီး လူခုနစ်ဦးရဲ့အသက်ကို လူမဆန်ဘဲ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်းဟာ လူမှုအသိုင်းအဝိုင်းကို တုန်လှုပ်စေ

သေဒဏ်ဖျက်သိမ်းဖို့ နိုင်ငံတကာ ဖိအားပေးမှုတွေကို ဂျပန်နိုင်ငံက ဆက်လက်ခုခံနေချိန်မှာ သူ့ရဲ့ ကွပ်မျက် မှု ထွက်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။

**သက်ညှာပေးရန် နေရာမရှိ**

ကာတိုဟာ အင်္ဂါနေ့နံနက်ပိုင်းမှာ သူ့ကိုအကျဉ်းချရာ တိုကျိုထိန်းသိမ်း ရေးစခန်းမှာ ကွပ်မျက်ခံခဲ့ရပါတယ်။

၂၀၁၅ ခုနှစ်မှာ တရားရုံးချုပ်က ကာတိုရဲ့ အယူခံဝင်မှုကို ပယ်ချခဲ့ပြီး အောက်တရားရုံးများက ချမှတ်ခဲ့တဲ့ သေဒဏ်ကို အတည်ပြုခဲ့ပါတယ်။ ပြစ်မှုရဲ့ ကြီးလေးတဲ့အတိုင်းအတာဟာ ပြစ်မှုကျူးလွန်သူအား သက်ညှာပေးရန် နေရာမရှိဘူးဆိုပြီး တရားသူကြီးက ပြောကြားခဲ့ပါတယ်။

**လူထုထောက်ခံမှု မြင့်မား**

တရားရေးဝန်ကြီး ဖူရူကာဝါက ဇူလိုင် ၂၆ ရက်သတင်းစာရှင်းလင်းပွဲမှာ သတ်ဖြတ်မှုများဟာ အလွန်ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့ပြီး လူခုနစ်ဦးရဲ့အသက်ကို လူမဆန်ဘဲ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်း ဟာ လူမှုအသိုင်းအဝိုင်းကို တုန်လှုပ်စေ တယ်လို့ ဖော်ပြခဲ့ပါတယ်။

အခုသေဒဏ်ချမှတ်မှုဟာ ဂျပန် ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယိုအစိုးရ လက်ထက်မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယ မြောက် သေဒဏ်ဖြစ်ပါတယ်။ ပထမဆုံး သေဒဏ်ကတော့ ဒီဇင်ဘာလက ဖြစ်ခဲ့ ပါတယ်။

လူထုစစ်တမ်းတွေမှာတော့ ပြစ်ဒဏ် စီရင်ခြင်းအတွက် လူထုထောက်ခံမှု မြင့်မားတယ်ဆိုတာကို ပြသလျက်ရှိပါ တယ်။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ အေပီ၊ သည်အဆာဟိရှင်ဘွန်း**

# ဇူလိုင် ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

(၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၁,၇၉၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၉၉၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၇၂,၉၀၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၉၇၄,၁၈၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၇) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၀၇) ခု | (၂) ဦး |
| စုစုပေါင်း | (၅,၇၆၂) ခု | (၁၁) ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၆-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၇၂,၉၀၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၉၇၄,၁၈၇ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၄၉၄၀၁၈ | ၈၇၆၄၈၈၃၈ | ၁၀၅၂၉၃၅ |
| ၂။ | အိန္ဒိယ | ၄၃၉၃၈၇၆၄ | ၄၃၂၆၇၅၇၁ | ၅၂၆၁၆၇ |
| ၃။ | ဘရာဇီး | ၃၃၆၆၀၆၀၈ | ၃၂၁၂၁၅၃၇ | ၆၇၇၅၆၃ |
| ၄။ | ပြင်သစ် | ၃၃၆၃၁၀၁၉ | ၃၁၆၆၁၆၆၃ | ၁၅၁၆၇၉ |
| ၅။ | ဂျာမနီ | ၃၀၅၉၈၃၈၅ | ၂၈၆၂၇၉၀၀ | ၁၄၃၅၄၅ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၆၆၅၈၈ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၇၇၂၈၃၃ | ၁၉၂၀၆၁၆၈ | ၁၇၁၂၃၂ |
| ၈။ | တောင်ကိုရီးယား | ၁၉၄၄၆၉၄၆ | ၁၈၄၆၆၅၂၈ | ၂၄၉၃၂ |
| ၉။ | ရုရှား | ၁၈၅၅၄၀၃၆ | ၁၇၉၅၃၄၄၅ | ၃၈၂၂၇၂ |
| ၁၀။ | တူရကီ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## ၂၇-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၇၀၃၀၄ | ၉၈၇၄၀၇၅ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၈၅၃၁၁ | ၅၉၈၂၃၄၇ | ၁၅၆၉၄၀ |
| မလေးရှား | ၄၆၅၉၇၁၀ | ၄၅၇၇၅၁၈ | ၃၅၉၃၂ |
| ထိုင်း | ၄၅၈၂၁၆၈ | ၄၅၂၆၆၉၁ | ၃၁၂၆၁ |
| ဖိလစ်ပိုင် | ၃၇၆၀၄၈၈ | ၃၆၇၂၀၄၀ | ၆၀၆၉၄ |
| စင်ကာပူ | ၁၆၇၇၁၂၆ | ၁၅၇၈၅၃၂ | ၁၄၈၇ |
| မြန်မာ | ၆၁၃၉၉၁ | ၅၉၂၈၄၈ | ၁၉၄၃၄ |
| လာအို | ၂၁၀၉၆၃ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၀၁၈၅၇ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၆၃၁ | ၁၃၃၄၂၁ | ၃၀၅၆ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောမည့်အကြောင်းအရာများမှာ နံပါတ်တစ်အနေဖြင့် ရုရှားနိုင်ငံခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ နံပါတ်နှစ်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ နံပါတ်သုံးအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့တို့က လုပ်ကြံဖန်တီးထားသည့် ပျူစောထီး ဆိုသည့် အခေါ်အဝေါ်နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ နံပါတ်လေးအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဆိုင်ရာကိစ္စရပ်များ၊ နံပါတ်ငါးအနေဖြင့် ပညာရေးဆိုင်ရာကိစ္စရပ်နှင့် ဆက်စပ်မှုများ ဖြစ်ကြောင်း၊ နံပါတ်တစ်မှ ငါးအထိ မိမိအနေဖြင့် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေ ကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးမှ မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

**ပထမအချက်**အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ စတင်ရှင်းလင်းတင်ပြလိုကြောင်း၊ ယင်းအကြောင်းအရာအား မရှင်းလင်းမီ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ (၇၄) နှစ် ရှိခဲ့ပြီဖြစ်ပြီး လာမည့်နှစ်သည် စိန်ရတု(၇၅)နှစ်မြောက်နှစ်ဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်ကာလမှ ယနေ့ကာလအထိ နှစ်နိုင်ငံဆက်ဆံရေးသည် အဆင်ပြေချောမွေ့မှုများသာရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်မလိုက်သော ကြားနေမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိသကဲ့သို့ ခိုင်မာသည့်မိတ်ဆွေနိုင်ငံအဖြစ်လည်း ရပ်တည်လျက်ရှိကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ရုရှားနိုင်ငံကို သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်ကာလတွင် မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၊ တာတာစတန်ပြည်နယ်၊ ကာဇန်မြို့၊ နိုဘိုစီဘစ်ရှိချ်မြို့ စသည့်မြို့အသီးသီးကို သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း အဓိကအကြောင်းအရာအနေဖြင့် ရုရှားနိုင်ငံ၊ ကာလုဂါပြည်နယ်၊ အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ သီတဂူဆရာတော်ဘုရားကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ အပါအဝင် စေတနာရှင် ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေနှင့် တည်ဆောက်ပူဇော်ခဲ့သည့် ရွှေစည်းခုံစေတီနှင့် ပုံစံတူတည်ထားခဲ့သည့် စေတီတော်ကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တပ်ဆင်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ အခမ်းအနားကို သီတဂူဆရာတော်ကြီး အပါအဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော်၊ တိပိဋကဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီးများ၊ လားမားဘုန်းတော်ကြီး အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒနှင့်ထေကြီးဝါကြီးဆရာတော်များ၊ ရုရှားနိုင်ငံ၊ ကာကွယ်ရေး ဒုတိယဝန်ကြီး၊ ရုရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများ၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှ အကြီးအကဲများ၊ နိုင်ငံပေါင်းစုံသံရုံး၊ စစ်သံရုံးများမှ မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရုရှားနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ၊ ပညာတော်သင်များ စသည်ဖြင့် စုံစုံလင်လင်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ ဗုဒ္ဓသာသနာကို ကိုးကွယ်သူများအကြား ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ကြိုးပမ်းဆောင်ရွက်မှုများထဲက တစ်ခုအနေဖြင့် မိမိတို့ မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။



ရုရှားနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား ကျင်းပမှု မှတ်တမ်းဓာတ်ပုံ။

ခရီးစဉ်ကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့၊ ရုရှားနိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့် ရုရှားသမ္မတ၏ နိုင်ငံတကာအာကာသဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်ယူထားရသူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Rosoboronexport ကုမ္ပဏီ အမှုဆောင် အရာရှိချုပ်တို့နှင့် ဇူလိုင် ၁၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးစဉ် ဆွေးနွေးခဲ့မှုများအနေဖြင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာလှည့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များ တင်ပို့နိုင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍအသုံးပြုခြင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း။

ခရီးစဉ်၏ ဒုတိယနေ့ဖြစ်သည့် ဇူလိုင် ၁၂ ရက်တွင် ရုရှားနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ မူလက ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားသော်လည်း ရုရှားနိုင်ငံ၏ အခြားအရေးကြီးလုပ်ငန်းတချို့ ပေါ်ပေါက်လာခဲ့သည့်အတွက် ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းကို ဖြည့်စွက်ပြောကြားလိုကြောင်း၊ တွေ့ဆုံဆွေးနွေးစဉ်တွင် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။

ခရီးစဉ်၏ တတိယမြောက် ၁၃ ရက်တွင် တာတာစတန်ပြည်နယ် သမ္မတ၏ ဖိတ်ကြားချက်အရ တာတာစတန်ပြည်နယ်ကို ရောက်ရှိခဲ့ပြီး PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ Kazan Federal University ဒုတိယပါမောက္ခချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ၏အကြီးအကဲဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့စသည်တို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆွေးနွေးမှုအကြောင်းအရာများအနေဖြင့် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြှင့်တင်ဆောင်ရွက်သွားနိုင်မှုအခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ စွမ်းအင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပညာတော်သင်ကိစ္စရပ်များ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။

ဇူလိုင် ၁၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ကို ရောက်ရှိခဲ့ပြီး Polytechnic State University ပါမောက္ခချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ အကြီးအကဲနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုအကြောင်းအရာများမှာ စိန့်ပီတာစဘတ်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးအသစ် ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း။

ဇူလိုင် ၁၅ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဘိုစီဘစ်ရှိချ်မြို့ကို ဆက်လက်ထွက်ခွာခဲ့ပြီး Novosibirsk State University ပါမောက္ခချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Higher Military Command School ကျောင်းအုပ်ကြီး ဦးစီးသည့်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး စစ်ဘက်၊ အရပ်ဘက် သင်တန်းသားများ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြောင်း။

ဇူလိုင် ၁၆ ရက်တွင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုဘိုစီဘစ်ရှိချ်နှင့် မြန်မာနိုင်ငံကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့် အခြေအနေ၊ ယင်းဒေသ၌ နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့် တက္ကသိုလ်ပေါင်း ၂၂ ခုရှိပြီး မြန်မာနိုင်ငံမှသင်တန်းသားများတက်ရောက်သင်ကြားနိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံ၌ ကျင်းပမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာဖိုရမ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ရုရှားနိုင်ငံအနေဖြင့် ရင်းနှီးဖော်ရွေမှု၊ ခရီးစဉ်အလိုက် ဆိုက်ရောက်ချိန်များတွင် ကော်ဇောနီခင်းပြီး နိုင်ငံတော်အဆင့်ဖြင့် ကြိုဆိုမှု၊ ဒေသဆိုင်ရာ အစိုးရအကြီးအကဲများကိုယ်တိုင်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တာဝန်ရှိသူများ ကိုယ်တိုင် ကြိုဆိုခဲ့ကြောင်း၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာအစားအစာများဖြင့် ဧည့်ခံကြိုဆိုမှု စသည်တို့နှင့် အပြန်အလှန်လေးစားမှု၊ ချစ်ကြည်မှု၊ ယုံကြည်မှုတို့ကို ပုံဖော်ပြသခဲ့သည့်အတွက် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

ခရီးစဉ်ကာလအတွင်း သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံဆွေးနွေးမှု (၁၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်မှန်သမျှကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးဆွေးနွေးမှုများသည် အားရဖွယ်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းနေချိန်တွင် နှစ်နိုင်ငံပူးပေါင်းပြီး စီးပွားရေးကဏ္ဍမြှင့်တင်ရန် လိုလိုလားလားရှိကြောင်း၊ မကြာခင်ကာလ၌လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်သည့်ခရီးစဉ်များ ရှိလာဦးမည်ဖြစ်ကြောင်း ပြောလိုကြောင်း၊ နောက်တစ်ခုအနေဖြင့် အဆင့်မြင့်ပညာများ သင်ကြားရေးအစီအစဉ်များဖြစ်ကြောင်း၊ ရုရှားနိုင်ငံ တက္ကသိုလ်များသည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ စာရင်းဝင်များဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များစွာ မွေးထုတ်နိုင်ခဲ့ပြီး စစ်ဘက်၊ အရပ်ဘက် အဆင့်မြင့်ပညာရပ်များသင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးစဉ်ကာလအတွင်း အပြုသဘော ဆောင်သည့် ရလဒ်ကောင်းများ၊ ဆွေးနွေးမှုများ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများ စသည်ဖြင့် အကြောင်းအရာများစွာကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးအောင်မြင်သည့် ခရီးစဉ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**ဒုတိယအချက်**အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအကြောင်းကို ပြောလိုကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းက ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတည်ထောင်ခြင်းနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အကျိုးတူ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ညွှန်ကြားချက် (၈/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များအကြောင်း ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးအရ "ကုမ္ပဏီများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းနှင့်အထက်ပါရှိပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)မှ ခြွင်းချက်ပြုသည့် လုပ်ငန်းများနည်းတူ ဆောင်ရွက်ပေးရန် ဖော်ပြခဲ့ခြင်းကို ပယ်ဖျက်ခဲ့ကြောင်း" ။

ဆက်လက်ပြီး **"နိုင်ငံခြားသားပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်းအထိပါဝင်သည့် မြန်မာကုမ္ပဏီများ၏ နိုင်ငံခြားသုံးငွေစာရင်းမှ နိုင်ငံခြားငွေများအား မြန်မာကျပ်ငွေဖြင့် လဲလှယ်သွားရန်"**အတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃၂/ ၂၀၂၂) ဆုံးဖြတ်ချက်အား ဗဟိုဘဏ်က ဇူလိုင် ၁၅ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း။

ယင်းနှင့် ပတ်သက်ပြီး မျိုးစုံဝေဖန်မှုများရှိကြကြောင်း၊ နိုင်ငံခြားတိုင်းပြည်များ မှ လာရောက်ရင်းနှီးမြှုပ်နှံရန်ခက်ခဲသွားမည်၊ ပြည်ပကဈေးငွေဖြင့် ကုန်စည် တင်သွင်းနေကြသည့် ကုမ္ပဏီများအပေါ်၌လည်း သက်ရောက်နိုင်သည်၊ အစိုးရတွင် ဒေါ်လာလိုအပ်ချက်ရှိနေသဖြင့် နိုင်ငံခြားအရန်ငွေကြေး မရှိတော့ကြောင်း စသည်ဖြင့် ဝေဖန်ကြကြောင်း။

မိမိတို့နိုင်ငံ၌ သင့်တင့်သည့် နိုင်ငံခြားအရန်ငွေကြေးနှင့် အရန်ဘဏ္ဍာငွေများ ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ လုံလောက်သည့်ငွေကြေးရှိသောကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်ပြီး ယခုလ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်းဝန်ထမ်းများ)ကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်းနှင့် လူပျိုဖြစ်ပါက ၄ ရာခိုင်နှုန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့မည့်အစီအစဉ် အသေးစိတ်ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဇယားများနှင့် ဖော်ပြပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့်သက်စွန့်တာဝန်စရိတ် ၁၀,၀၀၀ ကျပ်ကိုလည်း လစဉ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် စတင်တာဝန်ထမ်းဆောင်စဉ်ကစပြီး ယနေ့အထိ ယခုကဲ့သို့ ထောက်ပံ့မှု ၂၇ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ အစိုးရဝန်ထမ်းများကို ခေတ်နှင့်အညီ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလကတည်းက ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျပ် ၄၉၁ ဘီလီယံကျော်အနက်

◆ **မိမိတို့နိုင်ငံ၌ ခိုင်မာသည့် စီးပွားရေးအရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ယင်းကို ထုတ်လုပ်မြှင့်တင်နိုင်ရန်သာလိုကြောင်း၊ ပြည်တွင်းအားသည် ပြည်တွင်း၌ သာရှိကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းကိုလည်း မျက်ခြည်မပြတ်ကြည့်ပြီး ဒေသတွင်း အခြေအနေကိုလည်း စောင့်ကြည့်စေလိုကြောင်း၊ မိမိတို့အစိုးရ၏ ပေးထားသည့် ကတိကဝတ်များအတိုင်း အောင်မြင်အောင် အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း**

ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေ ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများနှင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ပေးနိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံစီးပွားရေးအဖြစ် ဆောင်ရွက်နေသည့် ကျေးလက်နေတိုင်းရင်းသားပြည်သူ ၇၀ ရာခိုင်နှုန်း၏ လူမှုစီးပွားဘဝ လျင်မြန်စွာ တိုးတက်ရေး(Quick Win) ရရှိအောင် အဓိကထားဆောင်ရွက်ရန် ရည်ရွယ်ကြောင်း။

မိမိတို့နိုင်ငံ၌ ခိုင်မာသည့် စီးပွားရေး အရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ယင်းကို ထုတ်လုပ်မြှင့်တင်နိုင်ရန်သာလိုကြောင်း၊ ပြည်တွင်းအားသည် ပြည်တွင်း၌ သာရှိကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းကိုလည်း မျက်ခြည်မပြတ်ကြည့်ပြီး ဒေသတွင်း အခြေအနေကိုလည်း စောင့်ကြည့်စေလိုကြောင်း၊ မိမိတို့အစိုးရ၏ ပေးထားသည့် ကတိကဝတ်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

**တတိယအချက်**အနေဖြင့် ပြည်ဖျက်မီဒီယာအချို့နှင့် အကြမ်းဖက်အဖွဲ့များ လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဆိုသည့် အသုံးအနှုန်းအကြောင်း ပြောလိုကြောင်း၊ ဦးစွာသမိုင်းကြောင်းကို သိပါ၊ လေ့လာပါဟု ပြောလိုကြောင်း၊ ပျူစောထီး ဘယ်ကဖြစ်လာသလဲ၊ ဘယ်ကစသလဲဆိုသည်ကို ပုဂံခေတ်က စသည့်အကြောင်းအရာများအား စ၍ မပြောတော့ဘဲ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကစ၍ ပြောလိုကြောင်း။

ပျူစောထီးတပ်များကို ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဦးနုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အမျိုးသားကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရက ပျူစောထီးတပ်များဖွဲ့စည်းတော့မည်ဟု ကြေညာစဉ်ကပင် အတိုက်အခံပါတီအဖွဲ့အစည်းများသည် အပြင်းအထန် ကန့်ကွက်ခဲ့ကြကြောင်း၊ ပျူစောထီးတပ်များသည် ပြည်သူကို ကာကွယ်စောင့်ရှောက်ရမည့်အစား အချို့သူများသည် လက်နက်အားကိုးဖြင့် ပြည်သူကို ညှဉ်းပန်းနှိပ်စက်လာကြခြင်းများရှိကြောင်း၊ ၎င်းတို့ကို ဖွဲ့စည်းပေးထားသည့် ပါတီအုပ်စုများ၏ ခါးပိုက်ဆောင် တပ်သဖွယ် အသုံးပြုလာသည့်အထိ ရှိလာကြောင်း။

၁၉၅၆ ခုနှစ်က ကျင်းပသည့် ရွေးကောက်ပွဲမတိုင်မီ ပျူစောထီးများ၏ ရမ်းကားမှုများ ပေါ်လာခဲ့ကြောင်း၊ သာဓကအဖြစ် သာယာဝတီခရိုင် မင်းလှရွေးကောက်ပွဲ လေးလောင်းပြိုင်လူသတ်မှု၊ ၁၉၅၇ ခုနှစ် မေ ၂ ရက် မြိတ်ခရိုင် ဆီတောင်အိုင် ရွာလူသတ်မှုများ ပေါ်လာခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအရေးခြံ့ အာဏာရှင်ပါတီ၏ ပျူစောထီးတပ်များ ဖွဲ့စည်းနေခြင်းကို ရုပ်သိမ်းပေးရန်၊ ပျူစောထီးတပ်များကျူးလွန်ခဲ့သည့် ရက်စက်မှုကြီးများကို ထိရောက်စွာ အရေးယူနိုင်ရန် ပြည်သူ့ ကော်မရှင်တစ်ရပ် ဖွဲ့စည်းစုံစမ်းအရေးယူရန် အတိုက်အခံ မြန်မာနိုင်ငံပြည်ထောင်စု အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ)အဖွဲ့က တောင်းဆိုခဲ့ကြောင်း၊ ထို့အတူ မြောင်းမြမြို့နယ် မရန်းချောင်းကျေးရွာ၊ ဘိုးကြားကုန်းကျေးရွာ၊ ရွှေရပ်တောင်ကုန်းကျေးရွာ စသည့်ရွာများ၌ ပျူစောထီးများက လယ်သမားများကို မတရားဖမ်းဆီးခြင်း၊ လယ်လုပ်ကိရိယာများ၊ မျိုးစပါးများကို မီးရှို့ဖျက်ဆီးခြင်း၊ မွေးထားသော တိရစ္ဆာန်များကို ပစ်သတ်ခြင်း၊ ယူဆောင်သွားခြင်း စသည်တို့ကို ပြုမူနေမှုနှင့် ပတ်သက်၍ ၁၉၅၇ ခုနှစ် မေ ၃၀ ရက်တွင် တောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး (ပြည်ထောင်စုမြန်မာနိုင်ငံ) (တလညစ) ဌာနချုပ် မြောင်းမြခရိုင်က သတင်းထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စစ်ကိုင်းတွင်လည်း ပျူစောထီးများ၏ ရမ်းကားမှုကို ပျူစောထီးကို ဖွဲ့စည်းပေးထားသည့် ဝန်ကြီးချုပ်ဦးနုထံ ၎င်းတို့ နှိပ်စက်မှုကြောင့်ရရှိသည့် ဒဏ်ရာများကို ပြသ၍ တိုင်ကြားသည်အထိ ဖြစ်လာခဲ့ကြောင်း။

ဝန်ကြီးချုပ်ဦးနုသည် ၁၉၅၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် တပ်မတော်က တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပမညတအဖွဲ့က ပျူစောထီးများရှိနေသရွေ့ တရားမျှတသန့်ရှင်းသော ရွေးကောက်ပွဲမဖြစ်နိုင်ဟုဆိုကာ ပျူစောထီးများ ဖျက်သိမ်းရန် ဝန်ကြီးချုပ်ဦးနုအား ထပ်မံတိုက်တွန်းခဲ့ကြောင်း၊ ယင်းတိုက်တွန်းစာတွင် ဝန်ကြီးချုပ်သည် ပျူစောထီးများကို ဖျက်သိမ်းမည်ဟု ကြေညာခဲ့သော်လည်း ယခုတိုင် မဖျက်သိမ်းသေးကြောင်း၊ ပျူစောထီးများသည် နေ့စဉ်နှင့်အမျှ ဆိုးသွမ်းသောင်းကျန်းကာ ပြည်သူလူထု၏ဘဝကို ခြိမ်းခြောက်မြဲ ခြိမ်းခြောက်နေသည်ကို အားလုံးသိပြီးဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ပျူစောထီးတပ်များသည်-

(က) တစ်ဖွဲ့ တစ်ပါတီ လူတစ်စု၏ ခါးပိုက်ဆောင်တပ်အနေဖြင့် တည်ရှိ ဆောင်ရွက်နေခြင်း။

(ခ) စတင်ဖွဲ့စည်းစဉ်ကပင် ပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းခဲ့၍ ယနေ့တိုင်လည်း အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းလျက်ရှိခြင်း။

(ဂ) ပြည်သူတို့၏ လွတ်လပ်စွာ စည်းရုံးဆောင်ရွက်ခွင့်ကို ပြောင်ပြောင်တင်းတင်း တားဆီးစော်ကားနေခြင်း။

(ဃ) အနာဂတ်ကာလတွင်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုး သားညီညွတ်ရေးအတွက် မည်သို့မျှ အထောက်အကူမပြုရုံမျှမက အကြီးမားဆုံး ဘေးအန္တရာယ်အယုက်အဟန့်အတားကြီးဖြစ်နေခြင်း။

(င) လာလတ္တံ့သော ရွေးကောက်ပွဲတွင် ၎င်းတို့တည်ရှိခြင်းဖြင့် လက်နက်ဖြင့် အဆုံးအဖြတ်ပေးမည့် မတရား မမျှတသော ရွေးကောက်ပွဲဖြစ်မည့် အလားအလာက ပိုမိုများပြားနေခြင်း စသည်တို့ကို ထောက်ရှုကာ ပျူစောထီးများအား အမြန်ဆုံး လက်တွေ့ဖျက်သိမ်းပေးပါရန် လေးနက်စွာ ထပ်မံတိုက်တွန်းရပါကြောင်း စသည်ဖြင့် ပါရှိကြောင်း။

ပျူစောထီးနှင့် ပတ်သက်ပြီး ဗမာ့တပ်မတော်အား စွပ်စွဲပြောဆိုချက်များကို ထိုစဉ်က အာဏာရနိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးသမားများကိုယ်တိုင်က ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က ခေါင်းဆောင်အချို့သည် ဝန်ကြီးချုပ်ဦးနုနှင့် သွားရောက်တွေ့ဆုံပြီး စွပ်စွဲချက်များသည် မဟုတ်မမှန်ကြောင်းကို ရှင်းလင်းခဲ့ကြကြောင်း၊ ထို့ကြောင့် တပ်မတော်ကို ပုတ်ခတ်ပြောဆိုမှုများသည် မှားယွင်းကြောင်း ဝန်ကြီးချုပ်က စက်တင်ဘာ ၄ ရက် ညတွင် အသံလွှင့်ကာ ရှင်းလင်းခဲ့ရသည်ကို သမိုင်းအထောက်အထားများအရ သိရကြောင်း၊ ယင်းမိန့်ခွန်းတွင် ပျူစောထီး ဖျက် သိမ်းရေး အစီအစဉ်နှင့်ပတ်သက်ပြီး ဗိုလ်မင်းခေါင် ဦးဆောင်သော လေးဦးအဖွဲ့က ပျူစောထီးဖျက်သိမ်းရေးအစီအစဉ်များကို ရေးဆွဲပြီးကြောင်း ပြောကြားခဲ့ကြောင်း။

ပျူစောထီးကိစ္စနှင့်ပတ်သက်ပြီး ၁၉၅၈ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် အစိုးရက ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး ၁၉၅၅ ခုနှစ် အောက်တိုဘာလမှစ၍ ဖွဲ့စည်းထားသည့် ပျူစောထီးအဖွဲ့အစည်းများအားလုံးကို ဖျက်သိမ်းရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်း ကြေညာခဲ့ကြောင်း။

မိမိပြောလိုသည်မှာ ပြည်ဖျက်မီဒီယာများ၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့များ၊ PDF အဖွဲ့များ သုံးနှုန်းနေသည့် ပျူစောထီးတပ်ဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်က ဦးနု၏ အာဏာရပါတီက ဒီမိုကရေစီအနိုင်ကျင့်မှုအတွက် ဖွဲ့စည်းထားသည့် အဖွဲ့မျိုးဟုသာဆိုချင်ကြောင်း၊ အဆိုပါအမည်မျိုးကို မီဒီယာများက သုံးစွဲနေသည်မှာ သမိုင်းကြောင်းအမှန်ကိုမသိဘဲ ပြောဆိုခေါ်ဝေါ် သုံးစွဲနေခြင်းဖြစ်သည့်အတွက် အံ့သြစရာကောင်းနေကြောင်း၊ ထိုစဉ်က ပြည်သူကိုနှိပ်စက်၊ သတ်ဖြတ်၊ ခြိမ်းခြောက်သည့် လုပ်ငန်းများကို မည်သူတို့က ယနေ့ ဤနိုင်ငံတွင် လုပ်နေသည်လဲ၊ နေ့စဉ်နှင့်အမျှ ရဟန်း၊ သံဃာများကို သတ်ဖြတ်၊ ဆရာ ဆရာမများကို ရန်ရှာ၊ ပြည်သူလူထုကြား ဗုံးခွဲ၊ ကလေးများ၏ ပညာသင်ကြားမှုက ခြိမ်းခြောက်၊ စာမျက်နှာ ၁၈ သို့

# တရားမဝင် သစ်မျိုးစုံ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်နှင့် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၁၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် အိတ် ၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၆၁၀၀၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးခေါင်းလျှော်ရည်ဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino FWIEXY အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hyundai အမျိုးအစား ဘက်စ်ကားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၁၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဂွမြို့နယ် ဆပ်သွားချောင်း ကျောင်းတောင်ရွာအနီး ဖုန်းဆိုးဆိပ်ကမ်း၌ တရားမဝင်တောင်သရက်ခွဲသား ၅ ဒသမ ၂၁၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၇၅၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင် ကျွန်းသစ်နှင့်သစ်မာ ၇ ဒသမ ၄၃၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၇၃၆၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်နေစဉ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၆၄၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ ISUZU အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၀၁၃၆၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၇၃၇၁၁၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၆၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာအနီး၌ စိုင်းရီ(ခ)အိုက်ရီနှင့် အိုက်နွန်း(ခ)စိုင်းနွန်းတို့ နှစ်ဦးကို Mark–II မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့် အိုက်စ် (မက်သ်အဖက်တမင်း) ၅၁ ကီလိုနှင့်သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီတွင် တာချီလိတ်မြို့နယ် ဝမ်ဟောင်ကျေးရွာနေ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ နွဲ့ယီ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နွဲ့ယီနှင့် စိုင်းလုံတို့ကို အိုက်စ် (မက်သ်အဖက်တမင်း) ၁၇ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး **(ယာပုံ)** ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၇ မှ*

စာသင်ကျောင်းကိုပါ Drone နှင့် ဗုံးကြဲနေသည်မှာ မည်သူတို့ဖြစ်သနည်း၊ ယင်း NUG၊ PDF အမည်ခံအကြမ်းဖက်များသာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဦးနုဖွဲ့စည်းခဲ့သည့် ပျူစောထီးအမည်ခံ လူရမ်းကားအဖွဲ့ထက်ဆိုးသည့် ခေတ်သစ်ပျူစောပျက်များသာဖြစ်ကြောင်း၊ အွန်လိုင်းပေါ်တွင် စွပ်စွဲပြောဆိုနေကြသည်မှာ ပျူစောထီးသည် စစ်မှုထမ်းဟောင်းများနှင့် မဘသများဟု ဆိုကြကြောင်း၊ ယုတ်မာသည့် အကြမ်းဖက်များနှင့် မီဒီယာများ၏ ၎င်းတို့လိုချင်သည့် နှုတ်ကြောင်းဟုသာ ပြောလိုကြောင်း၊ ယခင်က အတွေးအခေါ်များကိုသာ ပုံဖော်နေခြင်းဖြစ်ကြောင်း။

မြန်မာ့နိုင်ငံရေးခရီးစဉ်တွင် စင်ပြိုင်အစိုးရဖွဲ့စည်းမှုနှင့် ပုံဖော်ခဲ့သည်မှာ (၅)ကြိမ်ရှိခဲ့ကြောင်း၊ ပထမအကြိမ်က ဂျပန်တို့ မြန်မာပြည်ထိုးစစ်ကြောင့် ထွက်ပြေးရသည့် ဒေါ်မန်စမစ်၏ ပြည်ပရောက်အစိုးရ၊ ဒုတိယအကြိမ် စင်ပြိုင်အစိုးရမှာ ၁၉၆၉ ခုနှစ်က ပေါ်ထွက်ခဲ့သည့် ဦးနုဦးဆောင်သည့် ပြည်ချစ်ဒီမိုကရေစီပါတီသာ ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း နိုင်ငံတော်အာဏာ ရယူသဖြင့် မကျေနပ်သည့်အတွက် ၁၉၆၉ ခုနှစ်၊ သြဂုတ် ၂၉ ရက်တွင် ဖွဲ့စည်းခဲ့သည့် အဖွဲ့ဖြစ်ကြောင်း၊ တတိယအကြိမ်က ၁၉၈၈ အရေးတော်ပုံကာလတွင် ဖွဲ့စည်းခဲ့သည့် ဦးနုဦးဆောင်သည့် ကြားဖြတ်အစိုးရ ဖြစ်ကြောင်း၊ ဦးနုက ၎င်းသာဝန်ကြီးချုပ်ဆိုပြီး ဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း၊ စတုတ္ထအကြိမ်မှာ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်က ပေါ်ပေါက်ခဲ့သည့် NCGUB (မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ) ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ ရုံးစိုက်ခဲ့ပြီး ပြည်ပမှ ဆောင်ရွက်ခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ သောင်းကျန်းသူ ဌာနချုပ် တစ်နေရာ၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ အကြမ်းဖက်ခေါင်းဆောင် NUG လည်း ယင်းအတိုင်းသာဖြစ်ကြောင်း၊ စင်ပြိုင်အစိုးရ ထူထောင်မည်၊ တောတွင်းအစိုးရထောင်မည်၊ ၎င်းတို့ထင်သလို ဖြစ်မလာပါက အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ လက်ရှိလည်း ယင်းသို့သာဖြစ်ကြောင်း၊ ၎င်းတို့အတွက် ခါးပိုက်ဆောင်အဖွဲ့ဆိုသည်မှာ အမြဲကပ်လျက်ပါလာသည်သာ ဖြစ်ကြောင်း။

မိမိကို ပျူစောထီးကို တပ်မတော်ကဖွဲ့စည်း ပေး/ မပေး တပ်မတော်၏ သဘောထားစသည်ဖြင့် မေးကြကြောင်း၊ အစိုးရအနေဖြင့်ရော၊ တပ်မတော်အနေနှင့်ပါ ဖဆပလကဲ့သို့ ဒီမိုကရေစီအရေခြုံ အာဏာရှင်စနစ်ထူထောင်ရန် ခါးပိုက်ဆောင်တပ် ပျူစောထီးကို ဖွဲ့ခဲ့ခြင်းမရှိကြောင်း၊ ပျူစောထီးဆိုသည့် အသုံးအနှုန်းကို မရှိခဲ့ကြောင်း၊ တပ်မတော်သည် သမိုင်းကြောင်းကို ကျေညက်ပြီး ဖြစ်ကြောင်း၊ သမိုင်းကြောင်း အစာမကြေသူများသာ သမိုင်းဘီးကို နောက်ပြန်လှည့်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်က တည်ဆဲဥပဒေများအရ ဒေသခံပြည်သူလူထုက ၎င်းတို့၏ ကျေးရွာ၊ ရပ်ကွက်များ၏ လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းခွင့် တင်ပြလာပါက ဖွဲ့စည်းခွင့်စိစစ်ခြင်းများ၊ ဖွဲ့စည်းခွင့်ပြုခြင်းများ၊ လိုအပ်သည့်လက်နက်တပ်ဆင်ပေးခြင်းများ၊ စစ်မြေပြင် စည်းကမ်းနှင့် စစ်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ လိုအပ်လျှင် ဥပဒေအရ ဒေသကာကွယ်ရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းရန်သာရှိကြောင်း။

ပြည်သူ့စစ်ဆိုသည်မှာ မိမိနိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ လုံခြုံရေးကို မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမည်ဟု ပြည်သူလူထုတစ်ရပ်လုံးက သဘောပေါက်ပြီး နိုးကြားတက်ကြွစွာ အသိနှင့်ယှဉ်သည့် ပါဝင်ဆောင်ရွက်မှုသာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအတွင်းမှ စည်းရုံးဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့ဝင်များသည် အေးချမ်းချိန် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ မြို့နယ်၊ ကျေးရွာလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ရေတိုရည်မှန်းချက်က ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုကို ချေမှုန်းရန်၊ ရေရှည် ရည်မှန်းချက်က နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရာတွင် ပြည်သူ့စစ်မဟာဗျူဟာအစီအမံ၏ အစိတ်အပိုင်းဖြစ် ပါဝင်ရန်သာဖြစ်ကြောင်း၊ မီဒီယာများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများသုံးနေသည့် ပျူစောထီးဆိုသည်မှာ ၂၀၂၂ ဖေဖော်ဝါရီ လကုန်ခါနီး နွေရောက်လုဆဲဆဲ ဆောင်းအကုန်၊ နွေအကူးကစပြီး အရှူးထခြင်းတစ်မျိုးသာဖြစ်ကြောင်း ပြောလိုကြောင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

၀၆:၀၀ ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
၀၉:၁၀ NRC အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘော အက်ဆေး' (အပိုင်း-၂၇)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်ရုံးစစ်ဆေးဖော်ထုတ်' (အပိုင်း-၂၈)
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၅ Soccer View
၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ အိပ်မက်တန်ဖိုး' (အပိုင်း-၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁)

**mitv**

07:01 Evergreen Classic : Thatta Htar Na (Sein Lei Lei)
07:10 Let's Taste Delicious Insects
07:22 A Visit To Ye
07:44 Mogok, Ruby Land
08:00 Discovering Tribes: Enn (Their Life and Customs)
08:26 Kid's Home
08:31 Myanmar Musical Orchestra
08:35 Insight Myanmar: Parenting & Child Development (Part-1)
09:01 News
09:26 Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
09:40 Development Momentum Of Sittway
10:02 Crocodile Keeper

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စားလို့ကောင်းတဲ့ ရဲယိုရွက်ငါးပေါင်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
နေပြည်တော် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၉)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ရာမညမြေမှ အလှတရားများ(အပိုင်း-၃)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ကျောက်တော်တောင်ပွဲ(ဗုဒ္ဓပူဇနိယပွဲတော်)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောတို့ဌာနေ မြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
လွိုင်မွေမြို့သို့ အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၃)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပန်ပက်ကျေးရွာမှ ကယန်းတိုင်းရင်းသားများ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သွားကျောက်ခြစ်ခြင်းနှင့် သွားအကြောထုတ်ကုသခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၅ လယ်ယာထွက်စွန့်ပစ်ပစ္စည်းများမှ အကျစ်ဖိဝ မြေဆွေးပုံများပြုလုပ်ခြင်းသုတေသန
၀၇:၁၅ ရာဘာအပင်အိုနဲ့ အီသရယ်
၀၈:၀၀ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စက်များ
၀၈:၁၅ ကိုင်းကျူးကိုင်းဆက်နည်းပညာ
၀၉:၄၅ ကလောမြို့နယ်မှဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများ

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လောက်ကိုင်မြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

လောက်ကိုင် ဇူလိုင် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယမန်နေ့က ဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် လောက်ကိုင်မှ ဒုရဲမှူးသက်ဇင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၀၂၂)



ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ရပ်ကွက်အတွင်းနေ ကလေးသူငယ်များအား လူကုန်ကူးမှု ကျူးလွန်ခံရခြင်းမရှိစေရေး၊ အဓမ္မလုပ်အား ခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများဖြစ်ပွားမှု မရှိစေရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရပ်ရွာအခြေပြု လူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊ လူကုန်ကူးမှု အမျိုးအစားများစသည့် လူကုန်ကူးမှု ဖြစ်ပွားရခြင်း အကြောင်းရင်း၊ လူကုန်ကူးမှု ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။

အဆိုပါသင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင်များဖြစ်သည့် လောက်ကိုင်မြို့ပေါ် သုံးရပ်ကွက်၊ ရန်လုံကျိုင်းကျေးရွာနှင့် ထင်ပါကျိုင်းကျေးရွာတို့မှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ရက်မှ ၂၆ ရက် အထိ ဖွင့်လှစ်ကြောင်း သိရသည်။

ရွှေစင်ဖြိုး(ပြန်/ဆက်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၇

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ရန်ကုန် (မရမ်းကုန်းမြို့နယ်)တွင် ၁ ဒသမ ၅၈ လက်မ၊ ကျိုက်လတ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဘိုကလေးမြို့တွင် ၁ ဒသမ ၂၈ လက်မ၊ နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) တွင် ၁ ဒသမ ၂၂ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ငါန်းဇွန်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇-၇-၂၀၂၂

**ရွှေ**

၂၇-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၇၅ ကျပ် | ၂၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၀၅ ကျပ် | ၁၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၅၅ ကျပ် | ၁၈၉၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၇၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၂၅၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၃ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၄ . ၉၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၉၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၅၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၂၀၀ | ၄၂၈ | ၃၀၈၂၉၀၀ |
| MTSH | ၂၄၅၀ | ၂၅၅၀ | ၁၃၆၁၈ | ၃၃၉၉၃၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၃၄၆ | ၆၀၅၅၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၄၂၆ | ၁၀၂၂၄၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၂၈ | ၃၂၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခေတ်မီတိုးတက်စေဖို့ လူတိုင်းစာဖတ်ခြင်း အလေ့အထပျိုးထောင်စို့

**မျိုးမြတ်မိုး (MANA)**

**စာဖတ်ခြင်းအလေ့အထ စွဲမြဲစေရန်မှာ စာတတ်မြောက်မှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှု ဆင့်ကဲဖြစ်စဉ်များကို ပြန်ကြည့်ပါက ၁၈၂၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းသာ စာရေး၊ စာဖတ်နိုင်ခဲ့သော်လည်း လက်ရှိတွင် လူဦးရေစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းအထိ စာတတ်မြောက်နေကြပြီဖြစ်သည်။**

**စာတတ်မြောက်မှုရှိနေရန် လိုအပ်**

၁၉၄၆ ခုနှစ်မှစ၍ ကမ္ဘာလုံးဆိုင်ရာ စာတတ်မြောက်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းမှ ဦးဆောင်ပါဝင်နေသော ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် နိုင်ငံအသီးသီး၏ ပညာရေးကို လူတိုင်းလက်လှမ်းမီနိုင်စေရန် ကြိုးပမ်းမှုများကြောင့်ဖြစ်သည်။ ဆင်းရဲသော နိုင်ငံများ၌ စာတတ်မြောက်မှုနှုန်း နိမ့်ကျမှုကို ခံစားနေရဆဲဖြစ်သည်။ သာဓကအားဖြင့် ကမ္ဘာတစ်ဝန်းတွင် အနည်းဆုံး လူငယ်နှင့် လူကြီးသန်း ၇၅၀ ခန့် စာမရေးတတ်သေးပေ။ နိုင်ဂျာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း စာတတ်မြောက်မှုသည် ၃၆ ရာခိုင်နှုန်းသာ ရှိသေးသည်။ စာဖတ်နှုန်းမြင့်တက်ရန်နှင့် စာဖတ်သည့် အလေ့အထများ ဖွံ့ဖြိုးရန်မှာ ဆင်းရဲချမ်းသာ နိုင်ငံမရွေး စာတတ်မြောက်မှု ညီမျှမှုရှိနေရန် လိုအပ်သည်။

**စာဖတ်နှုန်းကို တိုင်းတာတွက်ချက်ထားခြင်းဖြစ်**

ကိုရိုနာဗိုင်းရပ်စ်သည် ၂၀၂၀ ပြည့်နှစ်အတွင်း လူသားများ၏ စာဖတ်ခြင်း အလေ့အထကို ပြောင်းလဲစေခဲ့သည်။ ရောဂါပိုးကူးစက်ခံရမှု မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများဖြင့် ပိတ်ဆို့ခံရခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရခြင်း၊ တစ်နေရာမှတစ်နေရာသို့ အသွားအလာ ကန့်သတ်ထားခြင်းတို့ကြောင့် လူအများစုသည် မိမိတို့နေအိမ်တွင်း၌ အချိန်ကုန်ဆုံးကြရသည်။ စာဖတ်ခြင်း၊ အွန်လိုင်းပညာရေးပလက်ဖောင်းများမှ ကျွမ်းကျင်မှုအသစ်များ လေ့လာသင်ယူခြင်းတို့ကြောင့် စာပေဖတ်ရှုမှုပိုများလာကြောင်း စစ်တမ်းအချို့ကဆိုသည်။ World Reading Habits in 2020 ၏ စစ်တမ်းအရ ကမ္ဘာ့လူဦးရေ၏ ၃၅ ရာခိုင်နှုန်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စာဖတ်သည့် အလေ့အထကို ပိုများလာစေသည်။ အိန္ဒိယနိုင်ငံသားများသည် ထိုင်း၊ တရုတ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက စာဖတ်နှုန်းမြင့်မားသည်ဟု အဆိုပါလေ့လာမှုက ဆိုထားသည်။ အိန္ဒိယနိုင်ငံသားများသည် စာဖတ်ရန်အတွက် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် စာဖတ်နှုန်း ၁၀ နာရီ ၄၂ မိနစ်၊ ထိုင်းနိုင်ငံသည် တစ်ပတ်လျှင် ၉ နာရီ ၂၄ မိနစ်၊ တရုတ်နိုင်ငံက ၈ နာရီ၊ ဖိလစ်ပိုင်သည် ၇ နာရီ ၃၆ မိနစ် စသည်ဖြင့် အစဉ်လိုက် နေရာယူထားသည်ကို တွေ့ရသည်။ စာဖတ်နှုန်းကိုတိုင်းတာရာတွင် စာအုပ်ဖတ်ရှုမှုအပြင် အွန်လိုင်းစာမျက်နှာများ၌ ဖတ်ရှုမှုများကိုလည်း ထည့်သွင်းတွက်ချက်ထားခြင်း ဖြစ်သည်။

မျက်မှောက်ကာလတွင် လူငယ်အတော်များများသည် အံ့မခန်းတိုးတက်လာသော နည်းပညာများကြောင့် စာအုပ်ကိုင်ပြီး ဖတ်ရှုခြင်းထက် စမတ်ဖုန်းနှင့် တက်ဘလက်များဖြင့် ဖတ်ရှုမှု ပိုများလာသည်။ စာဖတ်ခြင်းအလေ့အထ ပုံစံပြောင်းလဲလာသည်။




စမတ်ဖုန်းများ၊ တက်ဘလက်များ၊ ကွန်ပျူတာများမှတစ်ဆင့် စာဖတ်ခြင်းထက် စာအုပ်ကို ကိုင်တွယ်၍ ဖတ်ရှုရခြင်း၏ အရသာကို ယှဉ်နိုင်မည်မဟုတ်သဖြင့် စာအုပ်တစ်အုပ်ကို ကိုင်တွယ်ဖတ်ရှုမှ အာသာပြေသည့် စာဖတ်သူများလည်း အတန်အစားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ မည်သည့်ပုံစံများဖြင့် စာဖတ်သည်ဖြစ်စေ ကိုဗစ်ကပ်ရောဂါကာလအတွင်း စာဖတ်ခြင်းအလေ့အထ အားကောင်းလာခြင်း၊ စာဖတ်နှုန်း မြင့်လာခြင်းတို့သည် ကပ်ရောဂါ၏ လက်ဆောင်မွန်ဟု ဆိုရမည်ဖြစ်သည်။ စာပေဟူသည် ကား ဘဝ၏ အနှစ်သာရဟုပြောလျှင် မှားမည်မဟုတ်ချေ။ ဘဝဟူသော နယ်ပယ်၊ ပတ်ဝန်းကျင်ဟူသော သဘောတရားတို့ကို ခံစားနားလည်ပေးနိုင်သော အစွမ်းသတ္တိသည် စာပေ၌ပင် ကိန်းအောင်းနေခြင်းဖြစ်သည်။ စာပေဟုဆိုရာ၌ သုတစာပေလည်းရှိသလို ရသစာပေလည်းရှိပေသည်။ စာပေတွင် စကားပြေ၊ ကဗျာ၊ လင်္ကာ၊ ဝတ္ထုဇာတ်လမ်း စသည်တို့ ပါဝင်ပေသည်။ မည်သည့်စာပေကို ဖတ်စေကာမူ စကားလုံးတိုင်း၏ အဓိပ္ပာယ်ကို သိမြင်လာအောင် ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။

**စာပေဖတ်ခြင်း၏ တန်ခိုးကြီးမား**

စာပေဟူသည်ကား လူသားတို့၏ ဘဝလက်တွဲဖော်၊ ခရီးသွားဖော်ဖြစ်သည်ကို အများစု မေ့နေကြသည်။ စာပေဖတ်ထားသောသူသည် ဘဝခရီးလမ်းတွင် အောင်မြင်မှုရရှိရန် နီးစပ်ပေသည်။ လူသားအချင်းချင်း ပညာအရည်အချင်း တူသော်လည်း စာပေဖတ်သူကသာ ပို၍အောင်မြင်သည်။ ဘဝ၏ ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေးမှန်သမျှသည် စာပေဖတ်မှသာပို၍ ကျယ်ပြန့်သည်ကို သိမြင်လာလိမ့်မည်။ ကျယ်ကျယ်ပြန့်ပြန့်သိမှသာ လူသားတို့၏ နှလုံးသားကိုဖတ်၍ ခံစားနားလည်ပေးလိမ့်မည်။ ထိုသို့ ခံစားနားလည်နိုင်မှသာ လူ့ဘဝတွင် ကောင်းကျိုးလိုရာဟူသမျှ ဆောင်ရွက်တိုင်းအောင်မြင်နေမည်ဖြစ်သည်။ လူသားတစ်ယောက်၏ စိတ်ကိုမြင်ကြည့် သိလိုလျှင် စာများများဖတ်ရမည်။ စာပေဟူသည် စကားလုံးတိုင်းတွင် အဓိပ္ပာယ်ရှိသည်။ စာပေဖတ်ပါ များ၍ စာလုံးများ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်လာပါက လူသားတို့၏ စိတ်နှလုံးကိုလည်း ပုံဖော်၍ မြင်နိုင်စွမ်းရှိမည်သာ သေချာသည်။ ဘဝတစ်ခုဖြစ်တည်ကတည်းက လူသားတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်မိသားနှင့် တစ်မိသား၊ မိမိနှင့် ဆက်နွှယ်ရာပတ်ဝန်းကျင်၊ မိမိလှည့်လည် သွားလာနေသော အရပ်ဒေသ စသည်တို့မှ လူပုဂ္ဂိုလ်များနှင့်လည်း ပေါင်းသင်းဆက်ဆံရသည်။ စာပေများ ဖတ်ထားပါက "တစ်ရွာတစ်ပုဒ်ဆန်း"ဟူသော်လည်း မျက်ကန်းမဖြစ်ဘဲ အသစ်အဆန်းများကြားတွင် ရပ်တည်နိုင်ပေလိမ့်မည်။ စာပေဖတ်ခြင်း၏ တန်ခိုးသည်ကြီးမားသောကြောင့် လက်တွဲဖော်ဟုပင် တင်စားရသည်။

လူတိုင်းမိမိနှင့်အတူ စာအုပ်ကို ကိုယ်နှင့်မကွာ သယ်ဆောင်ကာ အချိန်ရတိုင်း စာဖတ်ကြရန် နှိုးဆော်ခြင်းဖြစ်သည်။ စာအုပ်စာပေများသည် လတ်တလော ရင်ဆိုင်နေရသော ကိုဗစ်ကပ်ရောဂါကာလအတွင်း လူတို့၏ အထီးကျန်မှုကို တိုက်ဖျက်ရာ၌ များစွာအထောက်အကူပြုခဲ့သည်။ စာဖတ်သူတို့၏ စိတ်ကူးဉာဏ်နှင့် တီထွင်ဖန်တီးနိုင်စွမ်းကို လှုံ့ဆော်ပေးသည့် အစွမ်းထက်ကိရိယာတစ်ခုဖြစ်ခဲ့သည်။ UNESCO က ကပ်ရောဂါကာလအတွင်း လူအများကို အိမ်၌သာနေထိုင်ရန် ညွှန်ကြားချက်ကြောင့် နိုင်ငံအချို့တွင် စာအုပ်ဖတ်သူဦးရေ နှစ်ဆတိုးလာသည်ဟု ဆိုသည်။ စာပေလေ့လာဖတ်ရှုခြင်းသည် လူတစ်ဦး၏ မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုကို အားဖြည့်ပေးနိုင်သည်။ ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုနှင့် သိမြင်မှု စွမ်းရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေသည်။ ကိုယ်ကျင့်တရားကို အားကောင်းစေပြီး မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ လူတစ်ဦးသည် တစ်နေ့လျှင် မိနစ် ၂၀ ခန့် စာဖတ်ခြင်းသည် တစ်နှစ်အတွင်း စကားလုံးနှစ်သန်းနီးပါး ဖတ်ရှုခြင်းနှင့် ညီမျှသည်။ လေ့လာမှုများအရ စာအုပ်ပိုင်ဆိုင်သော ကလေးများသည် အိမ်တွင် စာအုပ်မရှိသူများထက် ပုံမှန်စာဖတ်သူများ ဖြစ်လာနိုင်ခြေပိုများသည်။ ကလေးများသည် စာသင်ခန်းထဲတွင် စာကြည့်တိုက် အသေးစားရှိလျှင် စာအုပ် ၅၀ ရာခိုင်နှုန်း ပိုဖတ်ကြောင်း တွေ့ရှိထားသည်။

စာပေလေ့လာဖတ်ရှုရာတွင် မည်သည့်စာပေအမျိုးအစားကို ဖတ်ရှုရမည်ဆိုခြင်းထက် မိမိစိတ်ပါဝင်စားစရာ၊ မိမိသိရှိလိုရာ အကြောင်းအရာများပါဝင်သည့် စာအုပ်များကို ဖတ်ရှုသင့်သည်။ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းနှင့်ပတ်သက်၍ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာအုပ်သည် လောကကို ရှုမြင်ရာပြတင်းတံခါးပေါက်၊ စာအုပ်သည် လောကကြီးကို အလင်းဆောင်ပေးနိုင်သော မိတ်ဆွေကောင်း စသည်ဖြင့် အသွင်သဏ္ဌာန်ပေါင်းစုံနှင့် ခိုင်းနှိုင်းလေ့ရှိသည်။ လူမှုအသိုင်းအဝိုင်းတွင် မိတ်ဆွေလော၊ ရန်သူလောဟု ခွဲခြားသိမြင်နိုင်သကဲ့သို့ စာအုပ်စာပေများကိုလည်း မိတ်ဆွေ၊ ရန်သူ ခွဲခြားကာ ဖတ်ရှုရသည့် အခြေအနေမျိုးနှင့် ကြုံတွေ့ရတတ်သည်။ စာဖတ်သူများအနေဖြင့် မိတ်ကောင်း၊ ဆွေကောင်းကို ရွေးချယ်ပေါင်းသင်းသကဲ့သို့ စာအုပ်များကိုလည်း နာရီပိုင်းသာဖတ်ပြီး ပစ်လိုက်ရမည်၊ တစ်သက်လုံး သိမ်းဆည်းထားရမည့် စာအုပ်၊ လူ့မိတ်ဆွေစာပေ၊ အဆိပ်အတောက်စာပေ စသည်ဖြင့် ခွဲခြားဖတ်ရှုကြရမည်သာ ဖြစ်ပေသည်။

**အင်တာနက်ပေါ်ရှာလျှင် ဘာမဆိုရနိုင်**

သတင်းစာနှင့် ဂျာနယ်ဖတ်ခြင်း အလေ့အထသည် ပြည်တွင်းသတင်းသာမက ပြည်ပသတင်းများကိုပါ သတင်းစာဖတ်၍ သိရှိကြရသည်။ သတင်းစာမရောက်နိုင်သော အရပ်ဒေသများတွင် ထုပ်ပိုးရန် အသုံးပြုသော သတင်းစာ စက္ကူအပိုင်းအစများမှ စာများကိုပင် တယုတယဖတ်၍ ကြည်နူးကြရသည်။ ရှေးယခင်က လူကြီးများ ဉာဏ်ကောင်းကြသည်။ အခုခေတ်နှင့် ဘာမှမဆိုင်ဟူသော စကားကိုကြားရတိုင်း စာပေဖတ်ခြင်းနှင့် မဖတ်ခြင်းအကျိုးတရားအပေါ်မှာ ကွာခြားသွားသည်ကို သတိပြုမိသည်။ ယခုခေတ်တွင် စာပေဖတ်သူလျော့ပါးလာသည်မှာ ခေတ်မီလာ၍ဖြစ်သည်ဆိုလျှင် မှားမည်။ ခေတ်မီလာသည်နှင့်အမျှ စာပေပို၍ ဖတ်မှတ်ရမည်ကို သတိမထားဘဲ ခေတ်ရေစီးကြောင်း၌သာ မျောပါနေပြီး "တလွဲဆံပင်ကောင်း" နေကြခြင်းကြောင့်ဖြစ်သည်။ စာပေဖတ်မှတ်ရမည်ထက် ခေတ်မီနည်းပညာ၏ သာယာမှုတစ်ခုအပေါ်မှာ ယစ်မူးနေကြသည်ဆိုလျှင် မှားမည်မဟုတ်ချေ။

*စာမျက်နှာ ၂၁ သို့*

❒ **စာပေလေ့လာဖတ်ရှုရာတွင် မည်သည့်စာပေ အမျိုးအစားကို ဖတ်ရှုရမည်ဆိုခြင်းထက် မိမိစိတ်ပါဝင်စားစရာ၊ မိမိသိရှိလိုရာ အကြောင်းအရာများပါဝင်သည့်စာအုပ်များကို ဖတ်ရှုသင့်သည်။**

❒ **လူမှုအသိုင်းအဝိုင်းတွင် မိတ်ဆွေလော၊ ရန်သူလောဟု ခွဲခြားသိမြင်နိုင်သကဲ့သို့ စာအုပ်စာပေများကိုလည်းမိတ်ဆွေ၊ ရန်သူခွဲခြားကာ ဖတ်ရှုရသည့် အခြေအနေမျိုးနှင့် ကြုံတွေ့ရတတ်သည်။**

# "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် တင်ဆက်မည့် "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဇူလိုင် ၂၉ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေဝတ်လွှာ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ ချမ်းဟိန်းဝင်းထွန်း၊ သွန်းရွှေလျှံ၊ မယ်လိုဒီ၊ ဟန်သီ၊ သဥ္ဇာမြင့်မိုရ်၊ ခိုင်သဇင်ဦး၊ မေထူးကျော်၊ ယွန်းဝင့်လွှာအောင်နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဇူလိုင် ၂၇**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များ အနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **ဂါရဝေါစ၊ နိဝါတောစ** (ရိုသေထိုက်သူ ရိုသေခြင်း၊ မိမိကိုယ်ကိုယ်နှိမ့်ချခြင်း)အစီအစဉ်ကို ဇူလိုင် ၃၀ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်မူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ဒိုးဇက်၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဩဂုတ် ၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# မြန်မာအသင်းယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ ဗီယက်နမ် ယူ–၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်ထွက်ပေါ်လာပြီဖြစ်သည်။

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား ယူ–၂၀ ခြေစစ်ပွဲယှဉ်ပြိုင်မည့် ဗီယက်နမ်အသင်းအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခင်က အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်နှင့်ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ရန် စာရင်းပေးထားသော်လည်း ပြန်လည်နုတ်ထွက်ခဲ့သဖြင့် ထိုင်း၊ မလေးရှားအသင်းတို့နှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၅ ရက်တွင် မလေးရှားနှင့်ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်၊ ဩဂုတ် ၇ ရက်တွင် မြန်မာနှင့်ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှား၊ ဩဂုတ် ၉ ရက်တွင် မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဩဂုတ် ၅၊ ၇၊ ၉ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ ဗိုလ်လုပွဲ ကစားရမည်ဖြစ်ကာ အဆင့် ၃ နှင့် အဆင့် ၄ ရပ်တည်မှုရ နှစ်သင်းမှာ တတိယလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၂၇**

သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၆) ကို ဇူလိုင် ၂၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၉ ၊ ၃၀ နှင့် ၃၁ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၇**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ––– (၂၉) နှစ်ကို ရည်းစားဖြစ်သူ ထန်းတပင်မြို့နယ်နေ စိုးထွန်းအောင်က မန္တလေးမြို့သို့ သွားရောက်အလုပ်လုပ်ကိုင်မည်၊ လက်ထပ်ပေါင်းသင်းနေထိုင်မည်ဟု ပြောဆိုစည်းရုံး၍ စိုးထွန်းအောင်နှင့် ၎င်း၏ သူငယ်ချင်းဖြစ်သူ အောင်အောင်တို့က မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြို့သို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားထံ ယွမ် ၃၀၀၀၀ ဖြင့် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် လှိုင်သာယာမြို့မ ရဲစခန်း(ပ) ၃၈၃၅/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၂ရက်တွင် တရားခံ စိုးထွန်းအောင်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နေ မ–––(၁၉)နှစ်ကို တစ်မြို့တည်းနေ ဒေါ်စိန်ငွေ၊ မစပ်စုမ(ခ)သဲနု(ခ) မီမီဝင်းငွေ၊ ရှမ်းလေး (ခ)ရဲထွဋ်၊ ကျော်ထွန်းဦး (ခ)ဦးထွေးနှင့် ဆောင်းနှင်းဝေတို့ ငါးဦးက အငှားကိုယ်ဝန်ဆောင်သည့် အလုပ်လုပ်ပါက တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ ကွမ်တုံမြို့ရှိ တရုတ်အမျိုးသားထံ ယွမ် ၁၅၀၀၀၀ ဖြင့် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် သီပေါမြို့မရဲစခန်း (ပ)၉၈/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က) ဖြင့် အမှုရေးဖွင့်၍ ကျောက်မဲ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၂ ရက်တွင် တရားခံ ဒေါ်စိန်ငွေ၊ မစပ်စုမ(ခ) သဲနု(ခ) မီမီဝင်းငွေနှင့် ရှမ်းလေး(ခ)ရဲထွဋ်တို့ သုံးဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေ ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

စာအုပ်စာပေရှာဖွေ ဖတ်စရာမလို၊ အင်တာနက်ပေါ်ရှာလျှင် ဘာမဆိုရနိုင်တာပဲဟုသာ အလွယ်ပြောတတ်ကြသည်။

အင်တာနက်ခေတ်ဖြင့် ကမ္ဘာ့ရွာကြီးတည်ရှိနေသည်။ ထိုကမ္ဘာ့ရွာကြီးထဲ ကျင်လည်နေကြသူမှာ အလွန်များပြားသည်။ သိတတ်စကလေးအရွယ်မှသည် အသက်အရွယ်အိုမင်းသူများအထိ ဖုန်းတစ်လုံးရှိရုံမျှဖြင့် အင်တာနက်ကို သုံးစွဲနေကြသည်။ အင်တာနက်တွင် စာဖတ်သည်ဟူသောအကြောင်းပြချက်ဖြင့် စာအုပ်စာပေကဏ္ဍသည် အင်အားဆုတ်ယုတ်လာသလို စာကြည့်တိုက်ဟူသည်လည်း စာဖတ်သူရှားပါးလာသည်။ တကယ်တမ်း အင်တာနက်ပေါ်တွင် စာဖတ်သူဦးရေ၌ လူငယ်အရေအတွက်မှာ နည်းပါးသည်။ ခေတ်နှင့်အညီ ရင်ပေါင်တန်း၍ ကြိုးစားကြရမည်ဖြစ်သော်လည်း "ဂိမ်းကစားခြင်း" မှာသာ အချိန်ကုန်ခံ၍ ယှဉ်ပြိုင်နေကြသည်။ စာဖတ်ရန်ဝေး၍ ထမင်းစားချိန်ကိုပါ မေ့လျော့နေကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းသည်။ ကစားချိန်ကစား၊ စာဖတ်ချိန်ဖတ်၊ အိပ်ချိန်၊ စားချိန် ပုံမှန်သာ အချိန်ကိုအသုံးချနိုင်လျှင် ခေတ်မီလူငယ်များဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ "ဂိမ်းကစားခြင်း" သည် ဉာဏ်ရည်သွက်သည်ဟု လူငယ်အများစု ပြောလေ့ရှိသည်။ ဉာဏ်ရည်သွက်ခဲ့သည်ဆိုလျှင်သော်လည်း စာအုပ်စာပေဖတ်မှတ်ခြင်း ဗဟုသုတမရှိပါက အဘယ်မှာ အကျိုးရှိမည်နည်း။

**ခေတ်နှင့်အညီစာပေကို ကြိုးစားကြရန်လိုအပ်**

လူငယ်များသည် ရှေးလူကြီးများထက် ဉာဏ်ရည်သာလွန်ကောင်းမွန်ပြီး ပစ္စည်းတစ်စုံတစ်ရာကိုတွေ့လျှင် စူးစမ်းတတ်သော အလေ့အထကောင်းလည်းရှိသည်။ ခေတ်မီနည်းပညာကို သုံးစွဲရာတွင် လူကြီးများထက် လူငယ်များက ပို၍ကျွမ်းကျင်ကြသည်။ ထိုမျှနှင့် ရောင့်ရဲတင်းတိမ်ပျော်မွေ့နေကြသည်မှာ နှမြောစရာကောင်းသည်။ စာအုပ်စာပေဖတ်ခြင်းသည် သိပ်အရေးမပါဘဲ ကြည့်လျှင်တတ်သည်ဟူသော အယူအဆများ လက်ကိုင်ထားသလို ဖြစ်နေကြသည်။ တတ်သည့်ပညာကို စာပေဗဟုသုတနှင့် ပေါင်းစပ်လျှင် ပညာရှင်တစ်ယောက်ဖြစ်လာနိုင်သည်ကို မေ့လျော့နေကြသည်။ ယခုခေတ်မီတိုးတက်သော အချိန်ကာလ၊ ပွင့်လင်းမြင်သာမှုကို ဦးစားပေးသော အချိန်ကာလများဖြစ်သည့်အလျောက် စာပေမျိုးစုံကို လေ့လာဖတ်ရှုနိုင်သည်။ ပြင်ပဗဟုသုတများစွာကိုရှာဖွေရန် အကောင်းဆုံးသော အချိန်ကာလပင်ဖြစ်သည်။ အင်တာနက်ဆော့ကစားရုံမျှဖြင့် တင်းတိမ်၍ ရေလိုက်လွဲနေလျှင် ခေတ်နှင့်အမီ ရင်ပေါင်တန်းရန်မဖြစ်နိုင်ဘဲ ခေတ်နောက်ကျကျန်ခြင်းမျိုး ခံစားရပြီးနောက်မှ နောင်တရမည်ဖြစ်သည်။ ခေတ်နှင့်အညီ စဉ်းစားတွေးခေါ်နိုင်မှု၊ ဗဟုသုတ ပြည့်ဝမှုရှိမှသာလျှင် ခေတ်မီပါလိမ့်မည်။ ခေတ်မီရေစီးကြောင်းပေါ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ရန်အတွက် စာပေကို ဖတ်မှတ်၍ ဉာဏ်ရည်ထက်မြက်အောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အန်းဒရွိုက် ၁၃ ၏ နောက်ဆုံးစမ်းသပ်ဗားရှင်းများထွက်ရှိ၊ မကြာမီ တရားဝင်ထွက်ရှိမည်




အန်းဒရွိုက်ဖုန်းများအတွက် စက်လည်ပတ်မှုစနစ်ဗားရှင်းအသစ်ဖြစ်သည့် Android 13 ၏ နောက်ဆုံးစမ်းသပ်ဗားရှင်းဖြစ်သော Beta 4 ကို ဇူလိုင် ၁၃ ရက်က ထုတ်ပေးခဲ့ပြီး Beta 4.1 ကို ဇူလိုင် ၂၅ ရက်တွင် ထပ်မံထုတ်ပေးခဲ့ကာ အဆိုပါစမ်းသပ်ဗားရှင်းများတွင် လိုအပ်ချက်များကိုပြင်ဆင်ပြီးနောက် တရားဝင်ထွက်ရှိရန် ရက်သတ္တပတ်အနည်းငယ်သာ လိုတော့ကြောင်း အန်းဒရွိုက်နည်းပညာဖိုရမ်ကြီး ဖြစ်သော Xda-developers တွင် ဖော်ပြချက်အရ သိရသည်။

အဆိုပါ အန်းဒရွိုက် ၁၃ နောက်ဆုံးစမ်းသပ်ဗားရှင်းသည် ပြီးပြည့်စုံသောစမ်းသပ်ဗားရှင်း ဖြစ်နေပြီဖြစ်၍ စမ်းသုံးသူများအနေဖြင့် အက်ပလီကေးရှင်းများတင်၍ စမ်းသုံးနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါဗားရှင်းတွင် အကြောင်းကြားချက်(Notification)၊ ခွင့်ပြုချက် (Permission) ပုံစံအသစ်များ ပါဝင်ပြီး ကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံရေးတွင်လည်း လုပ်ဆောင်ချက်အသစ်များစွာ ပါရှိကြောင်း၊ အက်ပလီကေးရှင်းတစ်ခုချင်းအတွက် အိုင်ကွန်ပုံစံများနှင့် သီးသန့်ဘာသာစကားထောက်ပံ့မှုများလည်း ပါဝင်ကြောင်း၊ အန်းဒရွိုက် ၁၂ ထွက်ပြီးချိန်မှစ၍ မျက်နှာပြင်အရွယ်အစားကြီးသော တက်ဘလက်နှင့် ခေါက်ဖုန်းများအတွက် စမ်းသပ်နေခဲ့သော Android 12L လုပ်ဆောင်ချက်များလည်း အန်းဒရွိုက် ၁၃ တွင် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အန်းဒရွိုက် ၁၃ ကို အန်းဒရွိုက်စနစ်ရေးသားသူ Developer များအတွက် Developer preview ဗားရှင်းအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လအတွင်း စတင်ထုတ်ပေး၍ စမ်းသပ်ခဲ့ကာ ဧပြီလတွင် စမ်းသပ်အသုံးပြုလိုသူများအတွက် ဘီတာဗားရှင်း 1 ကို စတင်ထုတ်ပေးခဲ့သည်။ ထို့နောက် မေနှင့် ဇွန်တွင်လည်း ပြုပြင်ထားသော ဘီတာဗားရှင်းများကို ထပ်မံထုတ်ပေးခဲ့ကာ အဆိုပါစမ်းသပ်ဗားရှင်းများမှာ ဖုန်းနည်းပညာကျွမ်းကျင်သော စမ်းသပ်အသုံးပြုလိုသူများအတွက်သာ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခု ဇူလိုင်လအတွင်း၌မှ Platform Stability ဟုခေါ်သည့် အချောသတ်နီးပါးအဆင့်ဖြစ်ပြီး သာမန်အသုံးပြုသူများပါ စမ်းသုံးနိုင်သော ဘီတာ 4 နှင့် 4.1 တို့ကို ထပ်မံထုတ်ပေးခြင်းဖြစ်သည်။

